The Agribiz News
www.agribiznews.com.mm
ယနေ့ခေတ် စီးပွားသတင်း
e-Paper-0039
၂၀၂၅ ခုနှစ် ဩဂုတ် ၁၅ ရက်



# ရမည်းသင်းခရိုင်ရှိ စပျစ်စိုက်ခင်းများ ကြည့်ရှုစစ်ဆေး
# ဒေသခံတောင်သူများနှင့်တွေ့ဆုံဆွေးနွေး

နေပြည်တော်၊ ဩဂုတ် ၁၀

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဩဂုတ် ၁၀ ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာအုပ်စုရှိ စပျစ်စိုက်ခင်းများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး ဒေသခံ တောင်သူများ အား တွေ့ဆုံသည်။**

တောင်သူများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေး ပြောကြားရာ၌ နိုင်ငံ၏ စားရေရိက္ခာ ဖူလုံရေးနှင့် ကုန်ဈေးနှုန်း တည်ငြိမ်ရေး အတွက် ဆန်စပါးနှင့် အဓိကရိက္ခာ သီးနှံများ၏ စိုက်ပျိုးထုတ်လုပ်မှုကို မထိခိုက်စေရန် လယ်ယာမြေများ အသုံးပြုခြင်းကို ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ ထိန်းကျောင်း ကြပ်မတ် ဆောင်ရွက်လျက် ရှိကြောင်း၊ စပျစ်အပါအဝင် တောင်သူများ စိုက်ပျိုးလုပ်ကိုင်လိုသည့် ဝင်ငွေရ သီးနှံများ တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို အသုံးပြုခွင့် လုပ်ပိုင်ခွင့်များ ချထားပေးလျက်ရှိကြောင်း၊ စပျစ်သီးနှံ စိုက်ပျိုးရာတွင်လည်း စားစပျစ်စိုက်ပျိုးခြင်းအပြင် ဝိုင်ထုတ်လုပ်သည့် ဝိုင်စပျစ်များကို စီးပွားဖြစ် စိုက်ပျိုးခြင်းကိုလည်း ဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း၊ စပျစ်တောင်သူများ ဈေးကွက်ရရှိရေးကိုလည်း ဝိုင်လုပ်ငန်းရှင်များ ပေါင်းစပ်ပေးပြီး နှစ်ဦးနှစ်ဘက် အကျိုးရှိစေရန် Contract farming စနစ်ဖြင့်လည်းကောင်း ဆောင်ရွက်နိုင်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် တောင်သူများရော လုပ်ငန်းရှင်များပါ အကျိုးစီးပွားဖြစ်ထွန်းစေပြီး နိုင်ငံတော်အတွင်း စီးပွားရေးတိုးတက်ကောင်းမွန်လာစေမည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ စပျစ်စိုက်ပျိုး ထုတ်လုပ်ရေး လုပ်ငန်းအကောင်အထည်ဖော်ဆောင်နိုင်မှု စွမ်းအားရှိသည့် တောင်သူကြီးများ အနေဖြင့် စွန့်ဦးလုပ်ကိုင်ကြစေလိုကြောင်း၊ သို့မှသာ အခြားတောင်သူများနှင့် လုပ်ကွက်ငယ်တောင်သူများအတွက် စံနမူနာပြ ဖြစ်စေပြီး ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ အခြား တစ်ဖက်တွင်လည်း ရမည်းသင်းဒေသ၏ ဝါသီးနှံစိုက်ပျိုးရန် နှစ်အလိုက် လျာထားဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးနှင့် တစ်ဧက သတ်မှတ် ဝါဂွမ်းအထွက်ပိုသာ ရရှိရေးကို ဒေသ

စာ-၂ သို့

စိတ်ပျော်ရွှင်လန်းကျန်းမာစေမည့် အိမ်တွင်းဥယျာဉ်.......
စာ-၈

တိုးမြှင့်ရမည့် ဝါးအခြေခံစက်မှုလုပ်ငန်းများ....
စာ-၁၄

# လယ်ယာမြေဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာများ ဆွေးနွေး

နေပြည်တော်၊ ဩဂုတ် ၉

၇၈ ကြိမ်မြောက် တောင်သူနည်းပညာပေး ဆွေးနွေးပွဲ ကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း AERDTC ခန်းမ ၌ "လယ်ယာမြေ ဥပဒေဆိုင်ရာ သိကောင်းစရာများ" ခေါင်းစဉ်ဖြင့် ကျင်းပသည်။



ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က တောင်သူများ သိရှိလိုက်နာရန် မရှိမဖြစ် လိုအပ်သော မြေယာမြေ ဥပဒေ အသိပညာကို မျှဝေရန် ရည်ရွယ်ချက်ဖြင့် ယနေ့ဆွေးနွေးပွဲ ခေါင်းစဉ်ကို သတ်မှတ် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ လယ်ယာမြေများသည် နိုင်ငံ ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စားရေရိက္ခာ ဖူလုံမှု နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အတွက် အခြေခံအကျဆုံးဖြစ်ခြင်း ကြောင့် ဤအရင်း အမြစ်များကို လယ်ယာမြေဥပဒေက စနစ်တကျ ကာကွယ်ထိန်းသိမ်းရန်နှင့် တောင်သူလယ်သမား အကျိုးစီးပွားမြှင့်တင်ရေးအတွက် အထူး အရေးကြီးပါကြောင်း၊ တောင်သူကြီးများအနေဖြင့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို နားလည်ခြင်းဖြင့် ဥပဒေ၏ အကာအကွယ်နှင့် အထောက်အပံ့အား စနစ်တကျ ခံယူနိုင်ကြမည်ဖြစ်ပါကြောင်း၊

လယ်ယာမြေ ပိုင်ဆိုင်မှုဆိုင်ရာ စည်းမျဉ်းများ (ဂရန်၊ စာချုပ်၊ အမွေဆက်ခံခြင်း)၊ လယ်ယာမြေအသုံးပြုမှုတွင် တာဝန်ယူမှုများ (မြေခွန်၊ ဥပဒေနှင့် ညီသော အသုံးပြုမှု) နှင့် မြေဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းနည်း နှင့် ဥပဒေအကူအညီ ရယူရန် လမ်းညွှန် စသည်တို့ကို ပြည့်ပြည့်စုံစုံ ဆွေးနွေးကြစေလိုကြောင်း၊

ယနေ့ဆွေးနွေးပွဲသည် တောင်သူများ လက်တွေ့အသုံးချနိုင်သော အချက်များကို ရရှိစေရန် နှင့် ဥပဒေနှင့်အညီ စိုက်ပျိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ပြီး အကာအကွယ် ရှိစေရေးတွင် များစွာ အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း၊ အထူးမှာကြားလိုသည်မှာ လယ်ယာကဏ္ဍဆိုင်ရာ ဥပဒေများနှင့်ဆိုင်ရာ အသိပညာဗဟုသုတများကို တောင်သူ အသင်းအဖွဲ့များ၊ ကျေးလက်အသင်းအဖွဲ့များမှ အဖွဲ့ဝင်များအချင်းချင်း၊ နီးစပ်ရာ တောင်သူများ အချင်းချင်းကိုလည်း ပြန်လည်မျှဝေပေးကြစေလိုကြောင်း၊ ကျေးလက် လူငယ်များမှ မိမိတို့ဒေသဖွံ့ဖြိုးရေးအတွက် Digital platform အသုံးပြု၊ ရောင်းဝယ်ဖောက်ကားခြင်းများကို ရပ်မိရပ်ဖများနှင့် အတူ လက်တွဲ ပူးပေါင်းကာ တည်ဆဲဥပဒေများ နှင့်အညီ ဒေသကိုယ်စားပြု စုဖွဲ့ရောင်းချခြင်း စနစ်အား ခေတ်နှင့်အညီ ဦးဆောင်ဆောင်ရွက်ကြစေလိုကြောင်း၊ အမိကသီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေး အထူး ကြိုးပမ်းမှုနှင့် အတူ စပါးစိုက်ပျိုးခြင်းကြောင့် ဖန်လုံအိမ်ဓါတ်ငွေ့များ ထွက်ပေါ်လာမှုကို လျော့ချကြရမည့် နည်းစနစ်များကို ပညာပေး လိုက်နာကျင့်သုံးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

၎င်းနောက် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများက "လယ်ယာ မြေဥပဒေဆိုင်ရာ သိကောင်းစရာများခေါင်းစဉ်ဖြင့်" အခြေခံမြေမျိုး သတ်မှတ်ချက်များ၊ လယ်ယာမြေအမျိုးအစားများ၊ လယ်ယာမြေဥပဒေဆိုင်ရာ ရည်ရွယ်ချက်များ၊ လယ်ယာ မြေဥပဒေပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ လယ်ယာမြေ လုပ်ပိုင်ခွင့် လျှောက်ထားနိုင်သူများ၊ လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ်(ပုံစံ-၇)ထုတ်ပေးခြင်းလုပ်ငန်းစဉ်၊ လယ်ယာမြေ လုပ်ပိုင်ခွင့် အခွင့်အရေးများ၊ လိုက်နာရမည့် စည်းကမ်းချက်များ၊ တားမြစ်ချက်များ၊ လိုက်နာရန် ပျက်ကွက်ပါက အရေးယူဆောင်ရွက်ခြင်းများ၊ အခြားသိသင့် သိထိုက်သည်များအား ဆွေးနွေးတင်ပြသည်။ ဆက်လက်၍ ဆွေးနွေးပွဲတက်ရောက်လာကြသူများ၏ မေးမြန်းချက်များအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြား ကြသည်။

၇၈ ကြိမ်မြောက်ကျင်းပသည့် အဆိုပါ ဆွေးနွေးပွဲသို့ ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသန ဦးစီးဌာနတို့မှ ပညာရှင်နှင့် သုတေသီများ ၆၀ ဦး ၊ နေပြည်တော်ကောင်စီနယ်မြေမှ တောင်သူ ၄၀ ဦး တို့ တက်ရောက် ကြပြီး တိုင်းဒေသကြီး ပြည်နယ် အသီးသီးမှ ပညာရှင်နှင့် တောင်သူ ၁၂၃ ဦး တို့က zoom point (၁၀၀) မှ ပါဝင် တက်ရောက်ခဲ့ကြကြောင်းသတင်းရရှိသည်။

MOALI

---

ရှေ့ဖုံးမှ-

ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာဌာနများ၊ တောင်သူများ ဝိုင်းဝန်းကြိုးပမ်းကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် လိုက်နာဆောင်ရွက်ရမည့် နည်းပညာရပ်ဆိုင်ရာများကို ဆွေးနွေးတင်ပြပြီး ဒေသခံ တောင်သူများ ၏ တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရမည်းသင်းမြို့နယ်ရှိ လဲဖြူရေထိန်းတမံသို့ ရောက်ရှိပြီး ရာဂီမုန်တိုင်းအရှိန်ကြောင့် တမံအတွင်း သဲနုန်းများဖုံးလွှမ်းမှုအား တိုင်းဒေသကြီး အစိုးရ၏ ဘဏ္ဍာရန်ပုံငွေဖြင့် ပြုပြင်ရေးဆောင်ရွက်နိုင်ရန်နှင့် လက်ရှိ တမံအား ပြုပြင်ခြင်းထက် အခြားသင့်လျော်သော နေရာသစ်တွင် ဆောင်ရွက်ခြင်းက ကုန်ကျစရိတ် သက်သာနိုင်ခြင်းရှိမရှိ သုံးသပ်၍ နေရာသစ် ရှာဖွေရန် လိုအပ်ကြောင်း၊ တင်ပြချက်ပေါ်မူတည်၍ ဆောင်ရွက်ရမည့် အစီအမံဖြင့်လည်း ဆွေးနွေးဆုံးဖြတ်ရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြား၍ ကျီးနီကန်၏ ရေဝင်ရောက်မှုနှင့် ရေသောက် ဧရိယာအတွင်း စိုက်ပျိုးရေ ပေးဝေနေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကွင်းဆင်းလုပ်ငန်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်များ၊ ရမည်းသင်းခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများ အတူလိုက်ပါခဲ့ကြောင်း သတင်းရရှိသည်။

MOALI

Agribiz News www.agribiznews.com.mm သတင်း

# ၂၀၂၅ ခုနှစ် ဩဂုတ် ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်



### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ် နိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင်အားအသင့်အတင့်မှအားကောင်းနိုင်သည်။

### မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း) တို့တွင်ရွာသွန်းမြဲထက်ပိုနိုင်ပြီး ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တို့တွင် ၈ ရက်မှ၁ဝရက်ခန့်နှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင်ငါးရက်မှ ခုနစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

### မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် နှစ်ပေခွဲမှ သုံးပေခွဲခန့်၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့်မြင်းမူမြို့တို့တွင် ပေဝက်မှ တစ်ပေခန့်နှင့် ပခုက္ကူမြို့၊ညောင်ဦးမြို့၊ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတ မြို့နှင့်ဇလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ကလေးဝမြို့၊မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် နှစ်ပေမှ ငါးပေခန့်လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးပေခန့်၊ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ် မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ ပဲခူးမြစ်ရေသည်ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် သုံးပေမှ လေးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့်ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ တိုးမြစ် ရေသည် မအူပင်မြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခွဲခန့် လက်ရှိ ရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခန့်နှင့် ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

# မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ရုရှားသို့ ကော်ဖီတင်ပို့ရန် စိတ်ဝင်စား

**စီး**ပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ (MyanTrade) သည် မြန်မာ့အဆင့်မြင့် ကော်ဖီများကို ရုရှားနိုင်ငံသို့ တင်ပို့နိုင်ရေး အတွက် Online + Inperson အစည်းအဝေးကို ဇူလိုင် ၂၈ ရက်က ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်မှ ဦးဆောင်၍ မြန်မာ-ရုရှား နှစ်နိုင်ငံ ကုန်သွယ်မှု အားကောင်းစေရေး ကိစ္စရပ်များ၊ ကော်ဖီ စိုက်ပျိုးထုတ်လုပ် တင်ပို့နိုင်ရေး၊ အရည်အသွေးမြင့် ကော်ဖီ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေ၊ ရုရှားနိုင်ငံ ကော်ဖီဈေးကွက် အလားအလာနှင့် အလားအလာရှိသော ကော်ဖီမျိုးကွဲများအား မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ရုရှား နိုင်ငံမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကော်ဖီ အသင်းနှင့် ကော်ဖီ တင်သွင်းသူများ ကိုယ်စားလှယ်များ တက်ရောက် ဆွေးနွေးခဲ့ကြသည်။



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံရှိ စီးပွားရေး အတိုင်ပင်ခံတို့မှ ရုရှားနိုင်ငံသို့ ကော်ဖီ တင်ပို့မှုအတွက် လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သိရှိရသည်။

ဥမ္မာထွန်း

https://www.gnlm.com.mm/myantrade-eyes-coffee-export-to-russia/

■

Agribiz News www.agribiznews.com.mm
agribiznews.com.mm

တာဝန်ခံအယ်ဒီတာ
ထွန်းသက်ပိုင်
**အယ်ဒီတာအဖွဲ့ဝင်များ**
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

ထုတ်ဝေသူ
ဒေါက်တာအောင်ဇံထွေး
(မြဲ-ဝဝ၄၁ဝ)

လိပ်စာ
ရုံးအမှတ်(၄၃)
စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
နေပြည်တော်
ဖုန်း ဝ၆၇ ၃၄၁ဝ၁၄၂

Agribiz News www.agribiznews.com.mm



# ရေရှည်တည်တံ့သည့်မွေးမြူရေးလုပ်ငန်းများရှင်သန်ရေး နေပြည်တော်ကောင်စီနယ်မြေ၌ဌာနနှင့်ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်

နေပြည်တော်၊ ဩဂုတ် ၁၃

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ဩဂုတ် ၁၃ ရက်နံနက်ပိုင်းက နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ထိန်အင်းကျေးရွာ ခန့်ညားကုမ္ပဏီ၏ အသားတိုးနွား မွေးမြူရေးနှင့် အေးခဲသားထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်မည့်မြေနေရာနှင့် လုပ်ငန်းစတင် ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။**

၎င်းနောက် လယ်ဝေး မြို့နယ်၊ ရသေ့တောင်ကျေးရွာ ရှိ ပုဂ္ဂလိက အသားတိုးကြက် မွေးမြူရေးခြံ တွင် အသားစားကြက်နှင့် အသားတိုးဝက် မွေးမြူထားရှိမှု၊ ဒေသ၏ အသား ဈေးကွက်သို့ ဖြန့်ဖြူးပေးနေမှု တို့ကို ကြည့်ရှုစစ်ဆေးပြီး တိရစ္ဆာန်ကူးစက် ရောဂါ တားဆီးကာကွယ်ရေးနှင့် ဇီဝ လုံခြုံရေး အလေးထားဆောင်ရွက် ကြရန် ပုဂ္ဂလိက မွေးမြူရေးလုပ်ငန်း ရှင်များအား ဆွေးနွေးမှာကြားသည်။

အလားတူ တလုပ်ပင်ကျေးရွာရှိ ကြံတိုင်းအောင် သမဝါယမ အသင်း ပိုင်မြေ ၉၇ ဒသမ ၆၅ ဧကပေါ်၌ ဒို့ မြန်မာသမဝါယမအသင်း နှင့် ကြံ တိုင်းအောင် သမဝါယမအသင်းတို့ အကျိုးတူပူးပေါင်း၍ ဒေသနွား မွေးမြူ ထားမှုကို ကြည့်ရှု စစ်ဆေးပြီး သမဝါယမ အသင်းတာဝန်ရှိသူများ နှင့် တွေ့ဆုံကာ ဒုတိယဝန်ကြီး က ဒေသရှိ တစ်ပိုင်တစ်နိုင် မွေးမြူရေး လုပ်ကိုင်သူများနှင့် လုပ်ကွက်ငယ် မွေးမြူရေး တောင်သူများအား လက်တွဲ ခေါ်ယူ၍ ရေရှည် တည်တံ့သည့် မွေးမြူရေးလုပ်ငန်းများ ရှင်သန်ရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေး မှာကြားသည်။

ဒုတိယဝန်ကြီးသည် နေ့လယ်ပိုင်း တွင် လယ်ဝေးမြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန အစည်းဝေး ခန်းမ၌ မွေးမြူရေးလုပ်ငန်းရှင်များ အား တွေ့ဆုံ၍ အသား၊ နို့၊ ဥ ထုတ်လုပ်မှုတိုးတက်စေရေး၊ မွေးမြူ ရေးအခြေခံ စားသောက်ကုန်များ ဈေးနှုန်း တည်ငြိမ်စေရေးနှင့် သွင်းကုန် အစားထိုး ထုတ်လုပ်လာနိုင်ရေး၊ ဒေသခံပြည်သူများအတွက် အလုပ် အကိုင် အခွင့်အလမ်း ပိုမိုရရှိလာစေ ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ဖြင့် ဆောင်ရွက်သည့် မွေးမြူရေး လုပ်ငန်းများ အရှိန်ကောင်းစွာ အောင်မြင်ဖြစ်ထွန်းစေရေး ဌာနနှင့် ပုဂ္ဂလိကတို့ ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြား သည်။ ဆက်လက်၍ တက်ရောက် လာကြသည့် မွေးမြူရေးလုပ်ငန်းရှင် များ၏ တင်ပြချက်များအပေါ် လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရ ရှိသည်။

MOALI

---

# စင်ကာပူနှင့်ချုပ်ဆိုမည့် ကြက်သားတင်ပို့မှု သဘောတူစာချုပ် သီရိလင်္ကာပြုစုပြီးစီး

မကြာသေးမီက စင်္ကာပူအစားအ သောက်အေဂျင်စီ (SFA) မှ အဆင့် မြင့်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ လာ ရောက်ကြည့်ရှုခဲ့ပြီးနောက်၊ သီရိ လင်္ကာကြက်သားထုတ်ကုန်တင်ပို့ သူများသည် စင်္ကာပူဈေးကွက်သို့ ဝင်ရောက်နိုင်မည်ဟု မျှော်လင့်နေ ကြသည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့အား သီရိလင်္ကာတင်ပို့မှုဖွံ့ဖြိုးရေးဘုတ် အဖွဲ့ (EDB) မှ ဖိတ်ကြားခဲ့ပြီး၊ နှစ် ဖက်အဖွဲ့များသည် SFA ၏ ကြက် သားသတ်ရုံများအပေါ် စစ်ဆေးမှု အခြေအနေများကို ဆွေးနွေးခဲ့ကြ သည်။

SFA သည် ပထမဦးစွာ ၂၀၂၄ မတ်လတွင် New Anthony's Farm၊ Nelna Farm နှင့် Ceylon Grain Elevators တို့ကို သွားရောက် ကြည့်ရှုခဲ့သည်။

၎င်းတို့သည် ဒုတိယအကြိမ်အဖြစ် Pussella Farm၊ Jaya Farm နှင့် Bairaha Farms PLC တို့ကို စစ်ဆေး ရန် ဇူလိုင်လကုန်ပိုင်းတွင် သွား ရောက်ခဲ့သည်။

နောက်ဆုံးအကြိမ်သွားရောက် စစ်ဆေးစဉ်တွင် စင်္ကာပူသို့ တင်ပို့မှု များအတွက် တိရစ္ဆာန်မွေးမြူထုတ် လုပ်မှုနှင့်ကျန်းမာရေးဌာန၏ စွမ်း ဆောင်ရည်ကိုလည်း စစ်ဆေးခဲ့ သည်။

မကြာသေးမီက အစိုးရအချင်းချင်း ဆွေးနွေးပွဲတွင် သီရိလင်္ကာအာဏာ ပိုင်များက ရောဂါကင်းရှင်းမှုအခြေ အနေ၊ မဟာဗျူဟာဆိုင်ရာပထဝီဝင် တည်နေရာနှင့် ယှဉ်ပြိုင်နိုင်သော ထုတ်ကုန် အရည်အသွေးတို့ အပေါ် အခြေခံ၍ အရည်အသွေးမြင့်ကြက် သားထုတ်ကုန်များကို ပေးသွင်းနိုင် သောစွမ်းရည်ရှိကြောင်း အလေးပေး ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်တွင် သီရိလင်္ကာသည် မော်လဒိုက်၊ ကာတာ၊ ဗီယက်နမ်၊ ဟောင်ကောင်နှင့် ဂျပန်တို့အပါ အဝင် ပြည်ပနိုင်ငံများသို့ ကန်ဒေါ်လာ ၅ 



ဒသမ ၄ သန်းတန်ဖိုးရှိသောကြက် သား ထုတ်ကုန်များကို တင်ပို့ခဲ့ပြီး၊ ယခင်နှစ်နှင့်နှိုင်းယှဉ်၍ ၃၇ ရာခိုင် နှုန်း တိုးတက်မှုရှိခဲ့သည်။ တရုတ် ဈေးကွက်သို့ ဝင်ရောက်ရန် ကြိုးပမ်း မှုများလည်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါအစည်းအဝေးကို EDB ဥက္ကဋ္ဌ/အမှုဆောင်အရာရှိချုပ် Mangala Wijesinghe ဦးဆောင်ခဲ့ ပြီး၊ ဒါရိုက်တာချုပ် Champika D. Dharmasena၊ EDB ၏အကြီးတန်း အရာရှိများ၊ တိရစ္ဆာန်မွေးမြူထုတ် လုပ်မှုနှင့်ကျန်းမာရေးဌာန (DAPH) နှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ မြေယာ နှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အရာရှိကြီးများတက်ရောက်ခဲ့သည်။

SFA ကိုယ်စားလှယ်အဖွဲ့တွင် 

စာ-၅ သို့

# မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်မှ အိန္ဒိယသို့ ကွမ်းသီးတင်ပို့မှုတန်ဖိုး သိသိသာသာ တိုးတက်

အိန္ဒိယအောက်လွှတ်တော်တွင် အစိုးရက ပေးအပ်ခဲ့သည့် အချက်အလက်များအရ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ အိန္ဒိယနိုင်ငံသို့ ကွမ်းသီးတင်ပို့မှုတန်ဖိုး သိသိ သာသာ တိုးတက်လာခဲ့ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၂၉ ရက်က ဖော်ပြသည်။

အိန္ဒိယအောက်လွှတ်တော်၌ ယခုလ ၂၉ ရက်နေ့တွင် ပြုလုပ်ခဲ့သော အစည်းအဝေးတွင် စီးပွားရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jitin Prasada က ၂၀၂၁-၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အထိ ကွမ်းသီးတင်သွင်းမှုဆိုင်ရာ အသေးစိတ်အချက်အလက်များကို လွှတ်တော်သို့ စာဖြင့်ရေးသား ဖြေကြားခဲ့ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အိန္ဒိယနိုင်ငံသို့ တင်ပို့သော ကွမ်းသီးတန်ဖိုးသည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ် တွင် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၂၉ သန်းမှ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၅၃ ဒသမ ০၆ သန်းသို့ တိုးတက်ခဲ့ကြောင်း တွေ့ရှိရသည်။

အိန္ဒိယအစိုးရ၏ အချက်အလက်များအရ အိန္ဒိယနိုင်ငံ၏ စုစုပေါင်း ကွမ်းသီးတင်သွင်းမှု တန်ဖိုးသည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၄၇ ဒသမ ၉၉ သန်းရှိခဲ့ရာမှ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၄၃ ဒသမ ၄၅ သန်းသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။ အဆိုပါ အချက်အလက်များအရ အိန္ဒိယနိုင်ငံ၏ စုစုပေါင်း ကွမ်းသီးတင်သွင်းမှုတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဝေစုသည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် ၉ ရာခိုင်နှုန်းရှိရာမှ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် ၃၇ ရာခိုင်နှုန်းသို့ တိုးမြင့်လာခဲ့ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ တင်ပို့သော ကွမ်းသီးတန်ဖိုးသည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၆၁ သန်းမှ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန် ဒေါ်လာ ၃၃ ဒသမ ၂၀ သန်းသို့ တိုးလာခဲ့ကြောင်း သိရသည်။

သို့ရာတွင် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း သီရိလင်္ကာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ တင်ပို့ သော ကွမ်းသီးတန်ဖိုး ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

သီရိလင်္ကာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ တင်ပို့သော ကွမ်းသီးတန်ဖိုးသည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၈၇ သန်းမှ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၉၇ သန်းသို့ ကျဆင်းခဲ့ကြောင်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံ၏ ကွမ်းသီးတင်ပို့မှုတန်ဖိုးသည်လည်း ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၁၄ သန်းမှ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၁၆ သန်းသို့ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၅၈ ဒသမ ၁၉ သန်းနှင့် ၂၀၂၁-၂၂ ဘဏ္ဍာ



နှစ်တွင် အမေရိကန်ဒေါ်လာ ၉၀ ဒသမ ၁၈ သန်း တန်ဖိုးရှိ ကွမ်းသီးများကို တင်သွင်းခဲ့ကြောင်း သိရသည်။

ထို့ကြောင့်မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသို့ ကွမ်းသီး ပိုမိုတင်သွင်းနိုင်မည့် အခွင့်အလမ်းများ ရှိနေကြောင်းနှင့် သတ်မှတ်ထားသော အရည်အသွေးစံချိန်စံညွှန်းများနှင့် အခြားသော သွင်းကုန်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားဝင်တင်ပို့နိုင်မည်ဆိုပါက ကွမ်းသီးစိုက်တောင်သူများအတွက် အကျိုးကျေးဇူး ရရှိစေနိုင်ကာ နိုင်ငံ၏ပို့ကုန်ဝင်ငွေကိုလည်း တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်း နိုင်မည်ဖြစ်ကြောင်း လေ့လာတင်ပြလိုက်ပါသည်။

ကောင်းထွဋ်အောင်

The Hindu Businessline, Arecanut exports from Bangladesh to India quadruple to $53 million in 2024-25, July 29, 2025

# ဧရာဝတီတိုင်းဒေသကြီးတွင် မြန်မာ့ဒူးရင်း စိုက်ပျိုးသူများနှင့် တင်ပို့ရောင်းချသူများ အဖွဲ့ ဖွဲ့စည်း

မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချ သူများအသင်း (MFVP) သည် မြန်မာနိုင်ငံ ဒူးရင်းစိုက်ပျိုးသူများနှင့် တင်ပို့ရောင်းချသူများအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)ကို ပုသိမ်မြို့ရှိ စိုက်ပျိုးရေးဦးစီးဌာနတွင် ဩဂုတ် ၂ ရက်က ဖွဲ့စည်း ခဲ့ကြောင်း သိရှိရသည်။



အဆိုပါအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီးရှိ သာပေါင်း၊ ပုသိမ်၊ ညောင်တုန်း၊ မအူပင်၊ လပွတ္တာ၊ ပန်းတနော်နှင့် မြောင်းမြမြို့နယ်တို့မှ ဒူးရင်းစိုက်ပျိုးသူများ တက်ရောက်ခဲ့ကြသည်။ မြန်မာနိုင်ငံ ဒူးရင်းစိုက်ပျိုးသူများနှင့် တင်ပို့ရောင်းချသူများအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)တွင် ဗဟို အလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင် ၂၁ ဦး ပါဝင်ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ယခုအချိန်အထိ ဖွဲ့စည်းထားရှိပြီးသော မြန်မာနိုင်ငံ ဒူးရင်းစိုက်ပျိုးသူများ နှင့်တင်ပို့ရောင်းချသူများ၏ ပဉ္စမမြောက်အဖွဲ့ဖြစ်သည်။ သက်ဆိုင်ရာအဖွဲ့များကို ရန်ကုန်၊ ပုဂံ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း သိရှိရသည်။

ဟေမာန်အောင်မင်း

https://www.gnlm.com.mm/mfvp-forms-myanmar-durian-growers-and-exporters-group-in-ayeyawady-region/#article-title

စာ-၄ မှ

အရာရှိကြီးများဖြစ်သော Joint Operations Division ၏ ဒုတိယဒါရိုက်တာ Herman Teo၊ Senior Assistant Director Low Bee Leng၊ စည်းမျဉ်းစံနှုန်းနှင့် တိရစ္ဆာန်ကုသရေးဆေးဝါးရုံးမှ ဆရာဝန် Dr M Yoganandhini နှင့် Southwest Regional Office Manager Alex Chen တို့ ပါဝင်သည်။

ညွှန်ကြားရေးမှူးချုပ် Dr Hemali Kothalawala၊ တွဲဖက် ညွှန်ကြားရေးမှူးချုပ် Dr H Kothalawala နှင့် နည်းပညာကျွမ်းကျင်သူများသည် တိရစ္ဆာန်မွေးမြူထုတ်လုပ်မှုနှင့် ကျန်းမာရေးဌာနကို ကိုယ်စားပြု တက်ရောက်ခဲ့ကြသည်။

တိရစ္ဆာန်မွေးမြူမှုဖွံ့ဖြိုးရေးဌာန တွဲဖက်အတွင်းရေးမှူး Dr Palika Fernando သည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ မြေယာနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ကိုယ်စားပြုတက်ရောက် ခဲ့သည်။ TTP

www.asian-agribiz.com

# ဂျပန်သို့ ငှက်ပျောသီးတင်ပို့မှု ထိုင်းနိုင်ငံတိုးမြှင့်



ဂျပန်-ထိုင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်အရ ဂျပန် ဈေးကွက်သို့ တင်ပို့ရန် ရည်ရွယ်ထားသည့် စိုက်ပျိုးရေးပို့ကုန်မဟာဗျူဟာ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးက ကြေညာခဲ့ပါသည်။ Soeng Sang ခရိုင် Nakhon Ratchasima မြို့မှ တောင်သူများအနေဖြင့် ဂျပန်နိုင်ငံ၏ ဈေးကွက်လိုအပ်ချက်များနှင့်အညီ စိုက်ပျိုးနည်းစနစ် အလေ့အကျင့်များကို လိုက်နာကျင့်သုံးဆောင်ရွက်ခြင်းဖြင့် ဝင်ငွေ ၄ ရာခိုင်နှုန်းမှ ၁၄ ရာခိုင်နှုန်းအထိ တိုးမြှင့်ရရှိနိုင်သည်ကို တွေ့မြင်ခဲ့ရကြောင်း Nonthaburi ပြည်နယ်မှ အစီရင်ခံတင်ပြခဲ့သည်။

လက်ရှိတွင် ထိုင်းနိုင်ငံမှ ဂျပန်နိုင်ငံသို့ နှစ်စဉ် Cavendish ငှက်ပျောသီး တင်ပို့သည့် ပမာဏ မှာ ၂,၀၀၀ မက်ထရစ်တန် ခန့်ရှိပြီး ဂျပန်-ထိုင်း စီး ပွား ရေး ပူး ပေါ င်း ဆော င် ရွ က် မှု သဘောတူညီချက် အရ ခွင့်ပြုထားသည့် ပမာဏမှာ တန်ချိန် ၈,၀၀၀ ဖြစ်ပါသည်။ ဂျပန်နိုင်ငံ Japan's P&F Techno Co., Ltd. နှင့် ထိုင်းနိုင်ငံ Plaengyai Kluay Hom Thong Sukpaiboon Co., Ltd. အကြားရှိ နားလည်မှုစာချွန်လွှာအရ ပို့ကုန်တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ သန်း တန်းဖိုးရှိ မက်ထရစ်တန် ၅,၀၀၀ ထိ တိုးမြှင့်တင်ပို့ရန် မျှော်မှန်းထားသည်။

ကနဦးပိုင်းတွင် ပို့ကုန်စံချိန်စံညွှန်းများနှင့်အညီ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် ထုတ်လုပ်မှုဆိုင်ရာ အလေ့အကျင့်ကောင်းများကို လိုက်နာကျင့်သုံးသည့် တောင်သူဦးရေ ၁၀၀ အထက် ရှိသည်။ ပြည်တွင်းကုန်သွယ်မှုဌာနမှ ကျယ်ကျယ်ပြန့်ပြန့် ကူညီထောက်ပံ့ပေးမှုများတွင် ဂျပန်စားသုံးသူများ၏ကြိုက်နှစ်သက်မှုများကို ဖြည့်ဆည်းပေးနိုင်မည့် ကျွမ်းကျင်ပညာရှင်လမ်းညွှန်ချက်များ၊ အရည်အသွေးစစ်ဆေးမှုများ၊ ပို့ကုန် ထုတ်ပိုးမှုများနှင့် Cavendish ငှက်ပျောပင်ငယ် ၁၂၈,၀၀၀ အထက် ဖြန့်ဖြူးပေးခြင်းနှင့် စိုက်ဧရိယာ ၄၀၀ rai (1 rai = 1600 square meters) တို့ ပါဝင်သည်။

Cavendish ငှက်ပျောမျိုးများသည် ရောဂါဒဏ်ခံနိုင်ရည်ရှိခြင်း၊ အထွက်နှုန်းမြင့်မားခြင်း၊ သယ်ယူပို့ဆောင်ရေးဒဏ်ခံနိုင်ခြင်းနှင့် သိုလှောင်သက်တမ်း ကြာရှည်ခံခြင်းစသည့် လက္ခဏာရပ်များကြောင့် ပြည်ပတင်ပို့ရန် သင့်တော်သည်ဟုယူဆပါသည်။ အဆိုပါအစီအစဉ်တွင် ပါဝင်သည့် တောင်သူများမှာ မြေဧရိယာ တစ် rai (1 rai = 1600 square meters) လျှင် အမေရိကန်ဒေါ်လာ ၅၀၉ အထိ ရရှိကြပြီး မြေဧရိယာ ကျယ်ပြန့်သော တောင်သူများအနေဖြင့် အမေရိကန်ဒေါ်လာ ၂၀၃,၀၀၀ အထိ ရရှိနိုင်သည့်အလားအလာရှိသည်။ ပို့ကုန်ပမာဏမှာ လက်ရှိ ကန့်သတ်ပမာဏ အထိ ရောက်ရှိလာပါက ပမာဏတိုးမြှင့်နိုင်ရေးအတွက် ဂျပန်နိုင်ငံနှင့်ညှိနှိုင်းရန် အဆင်သင့်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့ပြီး ၎င်းသည် တည်ငြိမ်သောဝယ်လိုအားနှင့် ဝင်ငွေများ မြှင့်တင်ပေးကာ ထိုင်းနိုင်ငံစိုက်ပျိုးထုတ်လုပ်သူများအား ပိုမိုအကျိုးရှိစေမည်ဖြစ်ကြောင်း သိရှိရသည်။

**နွေးနွေးအောင်**

https://www.freshplaza.com/asia/article/9752345/thailand-boosts-banana-exports-to-japan/

# အိန္ဒိယတွင် မုတ်သုံမိုး စောစီးစွာ ရွာသွန်းမှုကြောင့် မိုးပဲတီစိမ်း စိုက်ဧက ၁၁ ရာခိုင်နှုန်းကျော် တိုးတက်

အိန္ဒိယနိုင်ငံတွင် ယခုနှစ် မုတ်သုံမိုး စောစီးစွာ ရွာသွန်းမှုကြောင့် Rajasthan၊ Karnataka နှင့် Maharashtra ပြည်နယ်များအပါအဝင် ပဲတီစိမ်းအဓိကထုတ်လုပ်သည့် ပြည်နယ်များတွင် မျိုးစေ့ချခြင်းကို အထောက်အကူပြုခဲ့ရာ ယခုလ ၂၁ ရက်နေ့အထိ ပဲတီစိမ်း စိုက်ဧက ၁၁ ရာခိုင်နှုန်းကျော် တိုးတက်လာပြီး ဟက်တာ ၂၇ ဒသမ ၃၁ သိန်း အထိ ရောက်ရှိခဲ့ကြောင်း The Hindu Businessline သတင်းဌာနက ဖော်ပြသည်။

အစိုးရ၏ ကြမ်းခင်းဈေး (Minimum support price-MSP) တိုးမြှင့်ပေးမှုနှင့် ယခင်စိုက်ပျိုး ရာသီများတွင် အစိုးရ၏ ဝယ်ယူမှုများကြောင့် တောင်သူများသည် ပဲတီစိမ်းစိုက်ဧကကို တိုးချဲ့လျက် ရှိကြောင်း တွေ့ရှိရသည်။ ပဲတီစိမ်းစိုက်ဧကသည် ပဲစင်းငုံနှင့် မတ်ပဲကဲ့သို့သော အခြားအဓိက ကာ ရစ် (မိုးရာသီ) ပဲမျိုးရင်းဝင်များထက် ပိုမိုများပြားကြောင်း သိရသည်။ အစိုးရသည် ၂၀၂၅-၂၆ ရာသီ အတွက် ပဲတီစိမ်း၏ MSP ကို ယခင်နှစ်က ရူပီး ၈,၆၈၂ မှ ၁ ရာခိုင်နှုန်း တိုးမြှင့်၍ ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၈,၇၆၈ အထိ တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း သိရသည်။



ပဲစိုက်ဧရိယာတိုးချဲ့မှုတွင် Rajasthan ပြည်နယ်သည် အခြားပြည်နယ်များထက် ဦးဆောင်နေကြောင်း တွေ့ရှိရသည်။ ယခုလ ၂၃ ရက်နေ့အထိ Rajasthan ရှိ ပဲတီစိမ်းစိုက်ဧက ၁၆ ရာခိုင်နှုန်း တိုးလာပြီး ဟက်တာ ၂၂ ဒသမ ၁၉ သိန်းအထိ ရှိကြောင်း သိရသည်။ ယခုလ ၁၈ ရက်နေ့အထိ Karnataka ပြည်နယ်ရှိ ပဲတီစိမ်းစိုက်ဧကသည် ဟက်တာ ၄ ဒသမ ၁ သိန်းတွင် ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေသော်လည်း Gujarat ပြည်နယ်တွင် ၃၂,၉၉၀ ဟက်တာ (ယခင်နှစ်က ၂၇,၄၀၈ ဟက်တာ) အထိ တိုးတက်ခဲ့ကြောင်း တွေ့ရှိရသည်။ Telangana ပြည်နယ်တွင် ပဲတီစိမ်းစိုက်ဧက သည် ယခုလ ၂၃ ရက်နေ့အထိ ၄၉,၈၁၅ ဟက်တာ (ယခင်နှစ်က ၅၇,၈၅၃ ဟက်တာ) ဖြင့် လျော့နည်းခဲ့ကြောင်း သိရသည်။ Maharashtra ပြည်နယ်တွင် ပဲတီစိမ်းကို ဟက်တာ ၂ ဒသမ ၀၂ သိန်းခန့် စိုက်ပျိုးထားကြောင်း သိရသည်။

"ဒီနှစ် ပဲတီစိမ်းစိုက်ပျိုးမှုက ပဲစင်းငုံ ဒါမှမဟုတ် မတ်ပဲထက် အများကြီး ပိုကောင်းပါတယ်။ MSP မြင့်မားခြင်း၊ မုတ်သုန်ရာသီ စောစီးစွာရောက်ရှိခြင်းနဲ့ ပဲတီစိမ်းက ရက် ၆၀ ကနေ ၈၀ လောက် ပဲ ကြာတဲ့ သီးနှံဖြစ်ခြင်းစတဲ့ အချက်တွေက တောင်သူတွေကို စိတ်ဝင်စားမှု မြင့်တက်စေခဲ့ပါတယ်" ဟု အိန္ဒိယ ပဲမျိုးစုံနှင့် သီးနှံအသင်း (India Pulses and Grains Association -IPGA) ၏ အတွင်းရေးမှူး Satish Upadhyay က ပြောကြားခဲ့သည်။ "Rajasthan ပြည်နယ်မှာ ပဲတီစိမ်းစိုက်ပျိုးမှုက အရမ်းကောင်းပါတယ်။ ဒါပေမဲ့ တစ်ခုပဲ စိုးရိမ်တာက အချို့ဒေသတွေမှာ မိုးတွေအရမ်းများနေတာပါပဲ။ Maharashtra နဲ့

စာ-၇ သို့

# ပြည်တွင်းစီးပွားရေးခိုင်မာစေရန် အသားတိုးနွားအရှင်တင်သွင်းမှု အင်ဒိုနီးရှားမြှင့်တင်

**အင်**ဒိုနီးရှားအစိုးရသည် ၂၀၂၅ ပထမနှစ်ဝက်တွင် အသားတိုးနွားငယ် (feeder cattle) တင်သွင်းမှုအတွက် ကိုတာအရေအတွက်ကို ၁၈၄,၀၀၀ ကောင်ဖြင့် တရားဝင်တိုးမြှင့်လိုက်သည်။ ဤပြင်ဆင်မှုကြောင့် တစ်နှစ်တာ နွားအရှင်တင်သွင်းမှု ပမာဏစုစုပေါင်းသည် မူလ ၃၅၀,၀၀၀ ကောင်မှ ၅၃၄,၀၀၀ ကောင်ရေအထိ တိုးလာစေခဲ့သည်။

ဤဆောင်ရွက်မှုကို ပြည်သူများနှင့် ပြည်တွင်း တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းများအတွက် ကျယ်ပြန့်သည့် စီးပွားရေးအကျိုးကျေးဇူးများ ပေးစွမ်းနိုင်သည့် မူဝါဒဖြစ်သည်ဟု ယုံကြည်ကြသည့် အသားတိုးတိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများက ကြိုဆိုခဲ့ကြသည်။

အင်ဒိုနီးရှား သားစားနွားလုပ်ငန်းရှင်များအသင်း (Gapuspindo) ၏ အမှုဆောင်ဒါရိုက်တာ Djoni Liano က ဤဆုံးဖြတ်ချက်သည် နိုင်ငံအတွင်း အစားအသောက်လိုအပ်ချက်၊ဖြည့်တင်းမှုခန့်မှန်းချက်များနှင့် ညီညွတ်ကြောင်း ပြောကြားသည်။ ပြည်တွင်းနွားထုတ်လုပ်မှုသည် ပြည်တွင်းလိုအပ်ချက်၏ ၄၅ ရာခိုင်နှုန်းခန့်ကို ဖြည့်တင်းပေးနိုင်သည်။ ကျန်ပမာဏကို တင်သွင်းမှုဖြင့် ဖြည့်တင်းရမည် ဟု Mr. Liano က ရှင်းလင်းပြောကြားသည်။

အသားတိုးနွားတင်သွင်းခြင်းသည် အေးခဲအမဲသားတင်သွင်းခြင်းနှင့် ကွဲပြားသည်ဟု သူက ပြောသည်။ အသားတိုးနွားများသည် အင်ဒိုနီးရှားသို့ ရောက်ရှိပြီးနောက် ပိုမိုဝဖြိုးလာစေရန် သုံးလခန့်အထိ မွေးမြူချိန်လိုအပ်မည်ဖြစ်သည်။ ထိုကာလအတွင်း၌ ၎င်းတို့အတွက် အစာလိုအပ်ချက်ကိုဒေသခံစိုက်ပျိုးသူများထံမှ ရရှိမည်ဖြစ်ပြီး ယင်းက ကျေးလက်ဒေသ ပြည်သူမိသားစုများအတွက် စီးပွားရေးအကျိုးကျေးဇူးများ ကျယ်ပြန့်စွာ ရရှိစေမည်ဖြစ်သည်။

"အသားတိုးနွား တင်သွင်းတာဟာ အသားရဖို့သာမက ပြည်တွင်းမှာ ရှိတဲ့ ဆက်စပ်လုပ်ငန်းစဉ်တစ်ခုလုံးကို သက်ဝင်လှုပ်ရှားစေပါတယ်၊ ဒီလုပ်ငန်းစဉ်မှာ ပြည်တွင်းက ဒေသခံအစာများကို အသုံးပြုမှာဖြစ်ပြီး အလုပ်သမားများလည်းလိုအပ်ပါတယ်၊ နွားအကောင် ၁၀၀၀ အတွက် အလုပ်သမား ၃၃ ဦးခန့်အလုပ်အကိုင်ဖန်တီးပေးနိုင်တယ်" ဟု သူက Asian Agribiz သို့ ပြောသည်။

အသားတိုးနွားများကို ဝဖြိုးအောင်မွေးမြူခြင်းသည် အေးခဲအသားတင်သွင်းခြင်းထက် ပြည်တွင်းစီးပွားရေးအတွက် ပိုမိုတန်ဖိုးရှိစေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ဤလုပ်ငန်းသည် တိရစ္ဆာန်စာစိုက်ပျိုးသူများ၊တိရစ္ဆာန်မွေးမြူရေးလုပ်သားများနှင့် သားသတ်ရုံလုပ်သားများအထိ အားလုံးကို ထောက်ပံ့ပေးသည်။

"အစိုးရက သုံးလတစ်ကြိမ် မူဝါဒပြန်လည်သုံးသပ်မှု ပြုလုပ်ပါတယ်၊ ထိုအချိန်တွင် စားသုံးမှုပုံစံနှင့် ဖြည့်တင်းပေးနိုင်မှုအခြေအနေအပေါ် အခြေခံ၍ ကိုတာပမာဏပြင်ဆင်မှုများကို စဉ်းစားဆုံးဖြတ်ပါတယ်၊ စားသုံးမှုလိုအပ်ချက် (ဝယ်လိုအား) ဟာ စီးပွားရေးဖွံ့ဖြိုးမှုနှင့်အတူ တိုးလာပါက၊ တင်သွင်းမှုကိုတာ ပမာဏကို ထပ်မံတိုးမြှင့်နိုင်မည့်အခွင့်အလမ်းရှိကြောင်း" ဟု သူက ပြောသည်။

အင်ဒိုနီးရှား၏ အသားတိုးနွားအရှင်အများစုကို သြစတြေးလျမှ ရယူပြီး၊ ဝဖြိုးစေခြင်းလုပ်ငန်းစဉ်ကို ပြည်တွင်းတွင် ဆောင်ရွက်သည်။

ဤမဟာဗျူဟာအတွင်း ညီညွတ်မှုရှိရန် အရေးကြီးကြောင်းကို သူက အထူးပြောကြားပြီး၊ ဤသည်မှာ တင်သွင်းမှုသာမက အင်ဒိုနီးရှား၏ တည်တံ့ပြီး အားလုံးပါဝင်နိုင်သော တိရစ္ဆာန်မွေးမြူရေး စီးပွားရေးစနစ်ကို တိုးတက်အောင်မြင်စေခြင်းဖြစ်ကြောင်း ၎င်းက အလေးပေးပြောကြားသည်။

ဤအရေးယူမှုသည် အလွန်ထောက်ပံ့မှုဖြစ်စေသောအရာဖြစ်သည်ဟု မိမိ ယုံကြည်ကြောင်း၊ အစိုးရ၏ ရေရှည်ကတိကဝတ်ကို ပြသနိုင်မည်ဟု မျှော်လင့်ကြောင်း၊ ဤမဟာဗျူဟာသည် အင်ဒိုနီးရှား အစားအသောက်ညှိနှိုင်းရေးဝန်ကြီး Zulkifli Hasan ၏ ပြောကြားချက်



များနှင့် ကိုက်ညီကြောင်း၊ ၎င်းက အစိုးရသည် အသားတိုးနွား တင်သွင်းမှုများကို တိုးမြှင့်ရန် အာရုံစိုက်ပြီး အေးခဲသားတင်သွင်းမှုများကို လျှော့ချရန် ရည်ရွယ်ထားသည်ဟု ပြောကြားခဲ့ကြောင်း၊ဤနည်းလမ်းသည် ဒေသခံ နွားမွေးမြူရေးလုပ်ငန်းကို တည်တံ့စေရန် အရေးကြီးသည့် နည်းလမ်းဖြစ်ကြောင်း၊ အသားတိုးနွားမွေးမြူရေးဟာ ပြည်တွင်းအသားတိုး မွေး မြူ လု ပ် င န်း များ အ တွ က် အဓိပ္ပါယ်ရှိကြောင်း၊ ဒီလမ်းကို ရွေးချယ်လိုက်ပြီဆိုရင် အေးခဲအမဲသား တင်သွင်းမှုကို ထိန်းချုပ်ရမှာဖြစ်ကြောင်း၊ ဒီလိုမှ မလုပ်ရင် မွေးမြူရေးခြံတွေ ချွတ်ခြုံကျသွားမည်ဖြစ်ကြောင်း ဟု ၎င်းက သတိပေးပြောကြားသည်။

TTP
www.asian-agribiz.com(11 Aug)

---

စာ- ၆ မှ

Karnataka ပြည် နယ်တွေမှာလည်း မိုးရွာနေတာက စိုးရိမ်စရာပါပဲ" ဟု Upadhyay က ပြောကြားခဲ့သည်။

Ahmedabad မြို့မှ ကြိတ်ခွဲထုတ်လုပ်သူ Punit Bachhawat က Rajasthan ပြည်နယ်တွင် စိုက်ပျိုးမှု ကောင်းမွန်ကြောင်း ပြောကြားခဲ့သည်။ "သီးနှံက ကောင်းပါတယ်။ မိုးရပ်သွားရင် အထွက် နှုန်းက ၂၀ ရာခိုင်နှုန်း ပိုများလာပါလိမ့်မယ်" ဟု Bachhawat က ပြောကြားခဲ့သည်။ iGrain India မှ Rahul Chauhan က MSP တိုးမြှင့်ခြင်းအပြင် မိုးစောစီးစွာရွာသွန်းခြင်းနှင့် ပြီးခဲ့သည့်နှစ်က အစိုးရ၏ ဝယ်ယူမှုတို့သည် ယခုနှစ် ပဲတီစိမ်းစိုက်ဧက တိုးတက်မှုကို အထောက် အကူပြုနေကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ပဲတီစိမ်းထုတ်လုပ်မှုသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃၈ ဒသမ ၁၉ သိန်းအထိ စံ ချိ န် တ င် မြ င့် တ က် ခဲ့ ကြော င်း အစိုးရ၏ တတိယအကြိမ် ကြိုတင်ခန့်မှန်းချက်များအရ သိရသည်။ ယခင်နှစ်က တန်ချိန် ၃၁ ဒသမ ၀၃ သိန်းသာ ရှိခဲ့ကြောင်း တွေ့ရှိရသည်။ အဆိုပါ တိုးတက်မှုသည် အဓိကအားဖြင့် နွေရာသီထုတ်လုပ်မှု တန်ချိန် ၁၉ ဒသမ ၇၄ သိန်းအထိ မြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။ ခါရစ် (မိုးရာသီ) ပဲတီစိမ်း ထုတ်လုပ်မှုသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၇ ဒသမ ၄၇ သိန်း ရှိခဲ့ကြောင်း သိရသည်။ ပဲတီစိမ်းကို အိန္ဒိယနိုင်ငံ တစ်ဝှမ်း စိုက်ပျိုးရာသီသုံးခုစလုံးတွင် စိုက်ပျိုးကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ ပဲတီစိမ်းစိုက်ပျိုးမှု တိုးတက်လာသော်လည်း ပြည်တွင်းလိုအပ်ချက်နှင့် ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပဲမျိုးစုံတင်သွင်းမှုမှာ ဆက်လက်လိုအပ်နေဦးမည် ဖြစ်သည်။ အထူးသဖြင့် မိုးများခြင်းစသည့် ရာသီဥတုဆိုင်ရာ စိန်ခေါ်မှုများကြောင့် အထွက်နှုန်းအပေါ် သက်ရောက် မှုရှိနိုင်သဖြင့် မြန်မာနိုင်ငံမှ အရည်အသွေးကောင်းမွန်သောပဲမျိုးစုံကို ဆက်လက်တင်ပို့နိုင်သည့် အခွင့်အလမ်းများ ရှိနေကြောင်း သုံးသပ်မိပါသည်။

ကောင်းထွဋ်အောင်
The Hindu Businessline, Early rains, hike in MSP boost kharif moong acreage, July 23, 2025

AgribizNews ဝက်ဘ်ဆိုက်နှင့် e-Paper တို့တွင်
ကြော်ငြာများ ထည့်သွင်းနိုင်ပါပြီ
ဆက်သွယ်ရန်
၀၉၇-၃၄၁၀၉၁၉
(e-government ဌာနခွဲ)

# စိတ်ပျော် ရွှင်လန်း ကျန်းမာဖို့ အိမ်တွင်းဥယျာဉ် စိုက်ကြစို့

ဇွန်သံသာမိုး

မြန်မာနိုင်ငံသည် လူမျိုးပေါင်းစုံ နေထိုင်သည်နှင့်အတူ ယဉ်ကျေးမှုအမွေအနှစ်များ ပေါကြွယ်ဝပြီး ရိုးရာဓလေ့ထုံးတမ်းများကို နေ့စဉ်လူနေမှုဘဝနှင့် ယှဉ်တွဲလက်ကိုင်ထားသော နိုင်ငံဖြစ်သည်။စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည့်အလျောက် ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းသည်လည်း အရေးပါသောကဏ္ဍမှပါဝင်ပြီး အဓိကအစားအစာအရင်းအမြစ်အဖြစ်သာမက နိုင်ငံ၏ယဉ်ကျေးမှုများနှင့် အလေ့အထများကို သိသာထင်ရှားစေပါသည်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်းသည် ဝါသနာအရသာမက လူမှုဘဝနေထိုင်မှုမြင့်တင်ရေး၊ ကျန်းမာရေးကောင်းမွန်ရေးနှင့် သဘာဝပတ်ဝန်းကျင်နှင့် ထိတွေ့ဆက်ဆံနိုင်ရန် ပြီးပြည့်စုံသော နည်းလမ်း တစ်ခုပင်ဖြစ်သည်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းဆိုရာတွင် ဧကပေါင်းအလွန်ပင်အရေးပါလှပေသည်။

အိမ်တွင်းဥယျာဉ်များသည် စာရေးရိက္ခာဖူလုံရေးနှင့် မိသားစုအတွက် အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့်ညီညွတ်လက်ဆက်သော သီးနှံများကို စဉ်ဆက်မပြတ်ထောက်ပံ့ပေးနိုင်သော သုခဘုံသာမက အိမ်နီးချင်းများအကြား လူမှုဆက်ဆံရေးနှင့် ရင်းနှီးမှုများတိုးပွားစေသည့် နေရာတစ်ခုပင်ဖြစ်သည်။ အိမ်တွင်းဥယျာဉ် တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းသည် မိမိနေရာဒေသရေမြေ ရာသီဥတုအပေါ်မှီငြမ်းကာ မိမိနှစ်သက်သည့်နည်းလမ်းများဖြင့် စိုက်ပျိုးနိုင်သည်။ မြေကွက်လပ်နေရာကျယ်သော ဒေသများတွင် ဘောင်များ၊ ကျင်းများဖြင့်တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်သို့ စိုက်ပျိုးနိုင်ပြီး မြို့ပြနေရာများ၊ အထပ်မြင့်အဆောက်အဦးနေ ဒေသများတွင်အိုး၊ ခွက်၊ ခြင်းများ အသုံးပြုကာ ဟင်းသီးဟင်းရွက်များအား အိမ်နောက်ဖေးဈေးတိုးတက် ကောင်းမွန်လာစေသည်။ ကျေးလက်ဒေသများ တွင် အိမ်တွင်းဥယျာဉ်များစိုက်ပျိုးခြင်းဖြင့်မိမိကိုယ်တိုင် စားရေရိက္ခာ ဖူလုံစေရုံသာမက ပိုလျှံလာသော ထွက်ကုန်များကို စည်သွပ်ဘူးများ၊ အအေးခံခြင်း၊ အချဉ်ဖောက်ခြင်းနည်းနှင့် ထိန်းသိမ်းပြီးတစ်နှစ်ပတ် လုံး စားသုံးနိုင်သည့်အပြင် မြန်မာ့ယဉ်ကျေးမှုအရ အိမ်နီးချင်းများအား ဝေငှခြင်းဖြင့် ခင်မင်ရင်းနှီးမှု တိုးစေနိုင်သည်။ ထို့အတူ ထွက်ကုန်များကို နီးစပ်ရာဈေးကွက်များတွင် ရောင်း ချနိုင်ခြင်းကြောင့်လည်း တစ်ဖက်တစ်လမ်းမှ

ထို့ကြောင့် ပတ်ဝန်းကျင်၊ အလုပ်ဖိအားများမှ ရရှိလာသော စိတ်ဖိစီးမှု၊ စိုးရိမ်ပူပန်မှုများ ပြေပျောက်စေနိုင်သည့် သဘာဝနှင့်ထိတွေ့ရန် အကောင်းဆုံး ရွေးချယ်မှုပင်ဖြစ်သည်။

ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းသည် လက်ဆတ်သောအသီးအနှံများ စားသုံးရခြင်းထက် ပိုပါသည်။ ၎င်းတို့သည် ကျန်းမာသောလူနေမှုပုံစံ၊ သဘာဝနှင့် ထိတွေ့စေရန် နက်ရှိုင်းသော ချိတ်ဆက်မှု၊ လူမှုဆက်ဆံရေးတိုးတက်စေသော အမွေအနှစ်ယဉ်ကျေးမှု တစ်ခုပင်ဖြစ်သည်။ မြို့ပြအသွင်ပြောင်းလဲမှု၊




ပြောက်မြားစွာ စီးပွား ဖြစ် စိုက်ပျိုးခြင်းသာ မကမိမိအိမ် နောက်ဖေး ခြံဝန်းအတွင်းရှိ မြေကွက်လပ်များ၊ ဝရံတာကဲ့သို့ သောနေရာ လွတ်များတွင်လည်းတစ်ပိုင် တစ်နိုင်စိုက် ပျိုးခြင်းဖြင့်မိမိ၏စိတ်အေးချမ်းမှုအားရှာဖွေဖော်ထုတ်နိုင်သည်။

တိုးတက်လာသော လူနေမှု ဘဝနှင့် အတူမြင့်မားလာသော ကုန်ဈေးနှုန်းများသည် ဝမ်းရေးအတွက် လှုပ်ရှားသွားလာနေသူများအပြင် အိမ်ရှင်မတိုင်း၏ မီးဖိုချောင်ကို တွန်းအားပေးလှုပ်ကိုင်လျက်ရှိသည်။ ရွှေဈေး၊ဆန်ဈေး၊ ဆီဈေး သာမကကုန်စိမ်းဈေးသည်လည်းပဲ မြင့်တက်လာရာ အခြေခံလခစားလုပ်သားများနှင့်အများပြည်သူတို့၏ တစ်နေ့တာဝမ်းရေးဖူလုံဖို့ရာမှာ မလွယ်လှချေ။ ဈေးဖိုးမလောက်ငသည့် ယခုအခြေအနေတွင် အိမ်နောက်ဖေးဈေးဆိုင်တည် ဟင်းသီးဟင်းရွက် တစ်ပိုင်တစ်နိုင် အိမ်တွင်း ဥယျာဉ်စိုက်ပျိုးခြင်းမှာ ဆိုင်တည်ကာ စိုက်ပျိုးနိုင်ပေသည်။ အိုး၊ ခွက်၊ ခြင်းများ အသုံးပြုကာ ဟင်းသီးဟင်းရွက်များအား စိုက်ပျိုးရာတွင် ခရမ်းချဉ်သီး၊ သခွားသီး ၊ နံနံပင် နှင့် ဆလပ်ရွက် ကဲ့သို့သော အရွက်အစိမ်းများ၊ ဟင်းသီးဟင်းရွက်များ အဓိကပါဝင်ပြီး မြေကွက်လပ်နေရာကျယ်သော ဒေသ/ နေရာများတွင် ငှက်ပျော၊ သင်္ဘော၊ သရက် ကဲ့သို့သော သီးနှံပင်များကို စိုက်ပျိုးနိုင်သည်။

မိသားစုများသည် ကိုယ်ပိုင်သီးနှံ စိုက်ပျိုးခြင်းအားဖြင့်ဈေးဆိုင်များတွင်နေ့စဉ်ဝယ်ယူ အသုံးပြုနေရသော ကုန်ကျစရိတ်များ သိသိသာသာ လျှော့ချ နိုင်စေပြီးသွားလာရသောအချိန် နှင့် သယ်ယူပို့ဆောင်ခများကို လျှော့ကျစေမည်မှာ ဧကန်အမှန်ပင်ဖြစ်သည်။ ကလေးငယ်များလည်း ငယ်ရွယ်စဉ် ကတည်းကပင် စိုက်ပျိုးရေးနှင့်ရင်းနှီး ကျွမ်းဝင်ကာ ပတ်ဝန်းကျင်လေ့လာစူးစမ်းမှုများအပိုဝင်ငွေရရှိပြီးအိမ်ထောင်စု စီးပွားရေးကို သိသိသာသာ အထောက်အကူပြုစေပါသည်။

အိမ်တွင်းဥယျာဉ်၏ ဆွဲဆောင်မှုအရှိဆုံး အကျိုးကျေးဇူးတစ်ခုမှာ လတ်ဆတ်သော သဘာဝ ထွက်ကုန်များရရှိခြင်း ဖြစ်သည်။ ဓာတုပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများကို အသုံးမပြုပဲ မိမိစိတ်တိုင်းကျ ပျိုးထောင်စိုက်ပျိုးနိုင်သောကြောင့် သန့်ရှင်းလတ်ဆတ်ကောင်းမွန်သော သီးနှံများကို စားသုံးနိုင်ကာ မိသားစု၏ ကျန်းမာရေးကိုပိုမို ကောင်းမွန်စေနိုင်ပါသည်။ အားလပ်ချိန်များတွင် မိသားစုနှင့်အတူ မိမိစိုက်ခင်းအား မြေဆွခြင်း၊ ပေါင်းသင်ခြင်း၊ ရေလောင်းခြင်းနှင့် စိုက်ခင်းမှထွက်ရှိလာသော သီးနှံများကို မိမိကိုယ်တိုင် ဆွတ်ခူးခြင်းကြောင့် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မှီဝဲရန်မလိုပဲ ကိုယ်လက်ကျန်းမာကာ စိတ်ရွှင်လန်းစေပါသည်။

ရာသီဥတုပြောင်းလဲမှု၊ စီးပွားရေးဖိအားများကြောင့် အိမ်တွင်းဥယျာဉ်များသည် တဖြည်းဖြည်းနှင့် အရေးပါ အသုံးဝင်လာသည်ဖြစ်သည်။ စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သည့်အလျောက် ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းသည် မြန်မာနိုင်ငံလူ့အဖွဲ့အစည်းအတွက် မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အကျိုးကျေးဇူးများကို ပေးဆောင်နိုင်ပါသည်။ မြန်မာနိုင်ငံတွင် တစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းများသည် ဒေသဓလေ့ထုံးတမ်းများ၊ လူ့အရင်းအမြစ်များနှင့်မိသားစုများကိုစိတ်ပျော်ရွှင်လန်းကျန်းမာစေကာလူများစွာတို့၏ ဘဝတွင်အရေးပါသော အခန်းကဏ္ဍအဖြစ်ဆက်လက် ပါဝင်နေမည်ဖြစ်ပါသည်။

ဇွန်သံသာမိုး

စာ-၁၅ မှ

များမှ တင်ပို့ရောင်းချလျက်ရှိရာ ၂၀၂၀ ပြည့်နှစ်တွင် စုစုပေါင်းကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၅၃ ဒသမ ၁၄ သန်းရှိပါသည်။ ထူးခြားမှုအနေဖြင့် တရုတ်နိုင်ငံ၏ မျှစ်တင်ပို့ရောင်းချမှုမှာ နိုင်ငံတကာကုန်သွယ်မှုတန်ဖိုး၏ ၈၄ ရာခိုင်နှုန်းရှိပြီး အမေရိကန်ဒေါ်လာ ၂၁၅ ဒသမ ၃၀ သန်းရှိပါသည်။

နိုင်ငံတကာဈေးကွက်တွင် ဝါးနှင့်မျှစ်ရောင်းဝယ်ဖောက်ကားမှု မြင့်တက်လျက်ရှိသော်လည်း မြန်မာနိုင်ငံ အနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်သို့ အမြောက်အမြားတင်ပို့နိုင်ခြင်းမရှိသေးပါ။

ဝါးစိုက်ပျိုးသူများအနေဖြင့် အဆင့်မြင့်မျှစ်ထုတ်လုပ်ပါက အနံ့အသက် ကင်းစင် သော မျှစ်ချိုထုတ်လုပ်ခြင်းဖြင့် ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင် မည်ဖြစ်ပြီး မျှစ်ချဉ်၊ မျှစ်ခြောက်နှင့် မျှစ်စပ်ထုတ်လုပ်ပါက ပြည်တွင်းဈေးကွက်တွင် ဈေးကောင်းရရှိနိုင် မည်ဖြစ်သည်။

စီးပွားဖြစ် မျှစ်ထုတ်လုပ်တင်ပို့သည့် လုပ်ငန်းကို တွင်ကျယ်စွာ ဆောင်ရွက်ရန် အလားအလာကောင်းများရှိသော်လည်း သဘာဝသစ်တောထွက်မျှစ်များကိုသာ ဝယ်ယူ စုဆောင်း၍ ပြုပြင်ထုတ်လုပ်ရခြင်းကြောင့် မျှစ်ကုန်ကြမ်းအရည်အသွေး တသတ်မတ်တည်း မရှိခြင်း၊ ပြုပြင်ထုတ်လုပ်မှုဆိုင်ရာ နည်းပညာအခက်အခဲရှိခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြေခံ ဆောက်အဦပြည့်စုံမှုမရှိခြင်း စသည့်အခက်အခဲများ ရှိနေခြင်းသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေကြောင်းသုံးသပ်ရပါသည်။



ဝါးတစ်ပင်လုံး၏ အသုံးဝင်ပုံနှင့် ဝါးစိုက်ခင်းအတွင်း သီးညှပ်စိုက်ပျိုးခြင်း အသိပညာပေး ခြင်းအစီအစဉ်

မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းများ၏ ၈၀ ရာခိုင်နှုန်းကျော်သည် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများဖြစ်ပြီး အဆိုပါလုပ် ငန်းငယ်များ ဖွံ့ဖြိုးမှုအတွက် ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်၊ စီမံခန့်ခွဲမှု၊ ဝန်ဆောင်မှုနှင့် စီးပွား ရေးဝန်းကျင်ကောင်းများ ဖန်တီး ပေး နိုင် ရန် လိုအပ်ပါသည်။

အဆိုပါလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြသူများအတွက် အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒများနှင့်အညီ သက်ဆိုင်ရာဝန်ကြီး ဌာနများ၊ ပုဂ္ဂလိကအစုအဖွဲ့များ၊ အသင်းအဖွဲ့များပူးပေါင်း၍ ဖြေရှင်းဆောင်ရွက်နိုင်မည် ဆိုပါက ၎င်းတို့၏ လုပ်ငန်းများ အောင်မြင်စွာလည်ပတ်နိုင်ပြီး နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ရာ အခြေခံစက်မှုလုပ်ငန်းများအောင်မြင်ရေး၊ စားသောက်ကုန်များ တိုးမြှင့် ထုတ်လုပ်ရေး၊ ဒေသထွက်ကုန်ထုတ်လုပ်ခြင်းမှ ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်သည်အထိ ဆက်လက်ဆောင်ရွက်နိုင်ရေးတို့အတွက် နည်းပညာ၊ စက်ကိရိယာလိုအပ်ချက်၊ ဈေးကွက် လိုအပ်ချက်၊ အရင်းအနှီးစသည်တို့ကို ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးတို့ကို အချိတ်အဆက်မိမိအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းတင်ပြလိုက်ရပါသည်။

ထူးထက်အောင်

# မလေးရှားကြက်မွေးမြူရေးကဏ္ဍ အမြန်ပြုပြင်ပြောင်းလဲရန်လိုကြောင်း ဥက္ကဋ္ဌဖြစ်သူပြောကြား



မလေးရှား၊ ကွာလာလမ်ပူတွင် Jefo မှ ဦးစီးကျင်းပသော Malaysia Poultry Workshop 2025 တွင် မလေးရှားမွေးမြူရေးလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ Datuk Jeffrey Ng Choon Ngee က မလေးရှားကြက်မွေးမြူရေးလုပ်ငန်း၏ အနာဂတ်သေချာစေရန်အတွက်ပြုပြင်ပြောင်းလဲမှုများ ချက်ခြင်းဆောင်ရွက်ရန် လိုအပ်ကြောင်း တောင်းဆိုခဲ့သည်။

၎င်းက ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်တက်နေမှု၊ မွေးမြူရေးလုပ်သားများအသက်အရွယ်ကြီးမြင့်လာမှု၊ လူငယ်များ၏ပါဝင်မှုနည်းပါးမှုနှင့် သဘာဝပတ်ဝန်းကျင်အပေါ် တာဝန်ခံမှုရှိသည့် လုပ်ထုံးလုပ်နည်းများအပေါ် စားသုံးသူလိုအပ်ချက်များ တိုးလာမှုတို့ကို အဓိကစိုးရိမ်ချက်များအဖြစ် ဖော်ပြခဲ့သည်။ "ကျွန်ုပ်တို့သည် ထိခိုက်မှုများမှတဆင့် စွမ်းဆောင်ရည် ပိုမိုထိရောက်မှုမြှင့်တင်ရန် လိုအပ်ကြောင်း သင်ယူခဲ့ရသည်" ဟု သူက Asian Agribiz သို့ ပြောသည်။ ထုတ်လုပ်မှုမြှင့်တင်ရန်အတွက် နည်းပညာ ပြုပြင်ပြောင်းလဲမှုနှင့် ကြက်မွေးမြူရေးလုပ်ငန်းနှင့် သုတေသနအဖွဲ့အစည်းများအကြား ပိုမိုနီးကပ်သော ဆက်သွယ်မှုရှိရန် အရေးကြီးကြောင်း အထူးပြုပြောကြားသည်။

မကြာသေးမီက အစိုးရ၏ ကြက်ဥထောက်ပံ့ငွေဖယ်ရှားမှုနှင့် ၎င်းအစာတင်သွင်းမှုအပေါ် SST (အရောင်းအခွန်) ထည့်သွင်းမှုအပေါ်တွင် စားသုံးသူများကို အခက်အခဲဖြစ်စေနိုင်ခြင်းမှ ကာကွယ်ရန် သေချာစွာ စီမံခန့်ခွဲသင့်ကြောင်း ၎င်းက ပြောသည်။ "အစိုးရက အာရုံစိုက်နေသည်။ ဒါပေမယ့် ယခုအချိန်မှာ ကျွန်ုပ်တို့ဘယ်လိုပူးပေါင်းပြီး ရှေ့ဆက်မလဲဆိုတာက အရေးကြီးသည်" ဟု သူကဆိုသည်။ အလုပ်ရုံဆွေးနွေးပွဲသည် အရေးပေါ်ပြဿနာများကို ဖြေရှင်းရန်နှင့် ရေရှည်ဖြေရှင်းနည်းများကို ရှာဖွေရန် ရည်ရွယ်ကြောင်း သိရသည်။

TTP

www.asian-agribiz.com(11 Aug)

စာ-၁၄ မှ

ဖြစ်၏။ အရေပြားရောင်ရမ်းနာကျင်မှုကို ဆန့်ကျင်နိုင်ခြင်းအပြင် ဘက်တီးရီးယားပိုးများကို တိုက်ဖျက်နိုင်စွမ်းရှိသော ဂုဏ်သတ္တိများကြောင့် ဝက်ခြံ၊ နှင်းခူနှင့် အသားထူသော အရေပြားရောဂါများ၊ အရေပြားနီမြန်းယားယံခြင်းကဲ့သို့သော အရေပြား ပြဿနာအမျိုးမျိုးကို သက်သာနိုင်စွမ်းရှိ၏။ ထို့အပြင် ရှဉ့်မတက်တွင်ပါဝင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်း များကြောင့် အသားအရေကို ကြည်လင်နုပျိုစေနိုင်စွမ်းရှိ၏။

- ကောင်းမွန်သောအစာခြေခြင်းသည်ခန္ဓာကိုယ်ကျန်းမာရေးအတွက် အရေးအပါဆုံးဖြစ်ပြီးလေပွ၊ လေထ၊ လေချဉ်တက်ခြင်း၊ အစာအိမ်ရောင်ရမ်းနာကျင်ခြင်းဝေဒနာများအတွက် ရှဉ့်မတက်ဥမှုန့်ကို prebiotic ဆေး (အစာခြေစနစ်အတွက် ကောင်းမွန်သော ဘက်တီးရီးယားများမွေးမြူရန်) အဖြစ် အသုံးပြုနိုင်၏။

- ယနေ့ခေတ်တွင် လူကြီး၊ လူငယ်၊ လူလတ်မရွေး လုပ်ငန်းခွင်ပိုင်း၊ ပညာရေးပိုင်း အစရှိသည့် သက်ဆိုင်ရာနယ်ပယ် အလိုက် စိတ်ဖိစီးမှုများ၊ စိုးရိမ်ပူပန်မှုများခြင်းတို့သည် အဖြစ်များသော ကျန်းမာရေး အခက်အခဲဖြစ်လာ၏။ သို့ဖြစ်ရာ ရှဉ့်မတက်ဥမှုန့်သည် ခန္ဓာကိုယ်အတွင်း စိတ်ဖိစီးမှုကိုပိုမိုကောင်းမွန်စွာ ကိုင်တွယ်ဖယ်ရှားနိုင်သည့်အပြင် တည်ငြိမ်ပြီး ဟန်ချက်ညီသော စိတ်ခံစားချက်ရရှိအောင် မြှင့်တင်ပေးနိုင်၏။

- ရှဉ့်မတက်ဥမှုန့်သည် အဆုတ်နှင့်လေလမ်းကြောင်းမှ ချွဲသလိပ်များကို ရှင်းလင်းစေသည့်အပြင် ပန်းနာရင်ကျပ်ဖြစ်ခြင်း၊ လည်ချောင်းနာခြင်း၊ ဓာတ်မတည့်ခြင်းကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ အခက်အခဲရှိသူများအတွက် အထောက်အကူကောင်း ဖြစ်စေနိုင်၏။

- နို့တိုက်မိခင်များနို့ထွက်အားကောင်းစေရန်အတွက်လည်း ရှဉ့်မတက်ဥမြစ်ကို ဆေးအဖြစ် သောက်သုံးကြ၏။

ရှဉ့်မတက်ပင်၏အညွန့်နုနှင့် အစို့ပေါက်များကို အခြားသောဟင်းရွက်ညွန့်များကဲ့သို့ အကြော်အလှော်၊ အသုပ်၊ ဟင်းရည်သောက်၊ တို့စရာ၊ အဖြစ် ပြင်ဆင်ချက်ပြုတ်စားသုံးနိုင်၏။

ရာသီချိန်ခါနှင့်အညီ သဘာဝတရားမှပေးသည့် လက်ဆောင်မွန် ရှဉ့်မတက်ပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး အစာလည်းဆေး၊ ဆေးလည်းအစာအဖြစ် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ်သက်သာ စေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။ ထို့အပြင် မိမိတို့နိုင်ငံ၏ ဂေဟစနစ်ကောင်းမွန်ရေး၊ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုများ ထွန်းကားရေးတို့ကို ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့်အညီ ထိန်းသိမ်း စေနိုင်မည် ဖြစ်၏။

ကြေးမုံငယ်

# စိုက်ပျိုးမွေးမြူရေးပညာနှင့် နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း-၃၂)

## စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်များခေတ်နှင့်အညီလိုအပ်သောဘာသာရပ်နှင့်သုတေသနများ (၇)အဆက်

(ယခင်အပတ်မှအဆက်)

ဒေါက်တာမျိုးကြွယ်

## (ဆ) မိုးလေဝသပညာ (Meteorology/Climatology)အဆက်

စိုက်ပျိုးရေးမိုးလေဝသပညာရပ် လေ့လာရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ ရူပဗေဒ (Agricultural Physics) အပြီး နောက်ဆက်စပ်ဘာသာများမှာ -

### (ဆ-၂) ကမ္ဘာ့လေထုဆိုင်ရာသိပ္ပံ/မိုးလေဝသသိပ္ပံ (Atmospheric Science)

ဤဘာသာရပ်သည် မြေကြီးပတ်ဝန်းကျင်ရှိ လေထု၏ ပျော်ဝင်မှု(အထူလွှာ)၊ လေညှင်းတိုက်ခတ်မှု၊ ရာသီဥတုပြောင်းလဲမှု၊ မိုးရွာခြင်းနှင့် မိုးလေဝသထိခိုက်မှုတို့ကို သုတေသနပြုလေ့လာသော သိပ္ပံဖြစ်သည်။ ဤဘာသာရပ်ကိုလေ့လာရာတွင် မိုးကြိုတင်ခန့်မှန်းမှု၊ ရာသီဥတုပြောင်းလဲမှု၊ လေထုစနစ်များ စသည့်အရာများကို နားလည်ရန် အရေးကြီးသည်။ ကျောင်းသား/သူများက ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာနှင့် မိုးလေဝသ ဆက်စပ်ဘာသာများကို သင်ယူလေ့လာရပါမည်။

နိုင်ငံတကာတက္ကသိုလ်များမှ ကမ္ဘာ့လေထုဆိုင်ရာသိပ္ပံ (Atmospheric Science) ဘွဲ့ရရှိပါက ရရှိနိုင်သော အလုပ်အကိုင်များ လေနှင့်ရေ အရည်အသွေး မန်နေဂျာ (Air and Water Quality Manager)၊ လေထုဆိုင်ရာသုတေသီ (Atmospheric Researcher)၊ ရာသီဥတုသိပ္ပံပညာရှင် (Climatologist)၊ ကွန်ပျူတာသိပ္ပံပညာရှင် (Computer Scientist)၊ ကမ္ဘာ့မြေကြီး သိပ္ပံပညာရှင် (Earth Scientist)၊ ရေနှင့် မိုးလေဝသဆိုင်ရာ ပညာရှင် (Hydrometeorologist)၊ ကိရိယာတပ်ဆင်နည်းပညာရှင် (Instrumental echnician)၊ အာမခံတောင်းခံမှု စုံစမ်းရေးမှူး (Insurance Claims Investigator)၊ မိုးလေဝသပညာရှင် (Meteorologist)၊ ရှေးဟောင်းရာသီဥတုသုတေသီ (Paleo-climatologist)၊ ဥယျာဉ်မှူး/ သဘာဝပန်းခြံထိန်းသိမ်းရေးမှူး (Park Ranger)၊ ပါမောက္ခ (Professor)၊ ရေဒါ ဘူမိရူပ ဗေဒပညာရှင် (Radar Geophysicist)၊ ဂြိုဟ်တုဒေတာ ဆန်းစစ်သူ (Satellite Data Analyst)၊ ကျောက်လွှာဖွဲ့စည်းမှုပညာရှင် (Stratigrapher)၊ မုန် တိုင်းဆိုင်ရာကျွမ်းကျင်သူ (Storm Specialist)၊ ငလျင်ပညာရှင် (Seismologist)၊ မိုး လေဝသ သတင်းထောက် (Weather Correspondent)၊ မိုးလေဝသခန့်မှန်းသူ (Weather Forecaster) စသည့် အလုပ်အကိုင်များသည် (Atmospheric Science) လေထုနှင့်ရာသီ ဥတုဆိုင်ရာ သိပ္ပံ ဘာသာရပ်သင်ယူခြင်းဖြင့် ရရှိနိုင်ပြီး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ သုတေသန၊ နည်းပညာနှင့် ပညာရေးနယ်ပယ်များတွင် အသက်မွေးဝမ်းကြောင်း ပြုနိုင်ပါသည်။

ဤဘာသာရပ်အတွက် ကမ္ဘာ့နာမည်ကြီးတက္ကသိုလ် ၃-ခုမှာ

(က) **မက်ဆာချူးဆက်နည်းပညာတက္ကသိုလ်၊ အမေရိကန်နိုင်ငံ (MIT - Massachusetts Institute of Technology, US)** မြေထု၊ လေထုနှင့် ဂြိုလ်များဆိုင်ရာသိပ္ပံဌာန (Department of Earth, Atmospheric and Planetary Sciences) မှ ဤပညာ ပထမ ဘွဲ့၊ မဟာ၊ ပါရဂူဘွဲ့ (B.S./M.S./PhD in Atmospheric Science) နှင့် မိုးလေဝသပညာ ဘွဲ့ ပေးအပ်ပါသည်။ ထိပ်ဆုံးရောက်နေသော သုတေသနများမှာ ရာသီဥတုပြောင်းလဲမှုနှင့် မိုးလေကြိုတင်ခန့်မှန်းမှုအတွက် နိုင်ငံတကာ အဆင့်မြင့်သုတေသန၊ နာရီအလိုက် မိုးလေဝသခန့်မှန်းမှုနည်းပညာ (Numerical Weather Prediction)၊ အာကာသ လေထုသိပ္ပံ (Space Weather)နှင့်ဂြိုဟ်လေထုသိပ္ပံတို့ဖြစ်ပါသည်။

(ခ) **ရက်ဒင်းတက္ကသိုလ်၊ ယူကေနိုင်ငံ (University of Reading, UK)** မိုးလေဝသဌာန (Department of Meteorology) မှ မိုးလေဝသနှင့် ရာသီဥတုသိပ္ပံဘွဲ့ကြို/ဘွဲ့လွန်ဘွဲ့ (B.S./M.S./Ph.D. in Meteorology/ Climate Change and Risk) ပေးအပ်ပါသည်။ ဥရောပမိုးလေဝသ ခန့်မှန်းမှုစင်တာ (ECMWF) နှင့် ပူးပေါင်းထားသော တက္ကသိုလ်ဖြစ်သည်၊ ထိပ်ဆုံးရောက်နေသော သုတေသနများမှာ အရည်အသွေးမြင့် မိုးတိမ်နှင့် ရေငွေ့သုတေသန၊ ဂြိုလ်ထုမှ မိုးလေဝသသတင်းအချက်အလက်များ (Satellite Meteorolog) ကိုဆောင်ရွက်သည်။

(ဂ) **ဗာဂန်နီဂန်သုတေသနတက္ကသိုလ်၊ နယ်သာလန်နိုင်ငံ (WUR – Wageningen University & Research, The Netherlands)** သဘာဝပတ်ဝန်းကျင်သိပ္ပံအဖွဲ့ (Environmental Science Group) သင်ကြား/သုတေသနပြုမှုအောက်တွင် မဟာသိပ္ပံ - မိုးလေဝသ နှင့်လေထုအရည်အသွေး (M.S. in Meteorology and Air Quality) ဘွဲ့ပေးပါသည်၊ ထိပ်ဆုံးရောက်နေသော သုတေသနများမှာ လေထုညစ်ညမ်းမှုအကြောင်း သုတေသန (Air Pollution & Air Quality Modeling)၊ မိုးလေဝသနှင့် စိုက်ပျိုးရေးထိတွေ့မှု သုတေသန၊ သဘာဝလေထုကို လေ့လာရန် ကွင်းသုံးကိရိယာများ (field instruments)၊ အဝေးမှ အာရုံခံခြင်း (remote sensing) နှင့် ရာသီဥတုပုံစံ (climate model) များအသုံး ပြုခြင်းတို့ဖြစ်ပါသည်။

### (ဆ-၃) ဇလဗေဒ (Hydrology)

Hydrology (ဇလဗေဒ) ဆိုသည်မှာ မြေမျက်နှာပြင်ပေါ်နှင့် မိုးလေထုအတွင်းရှိ ရေ၏ဖြစ် ထွန်းပေါ်ပေါက်မှု၊ ခရီးသွားလမ်းကြောင်း၊ ဖြန့်ဝေမှုနှင့် ပတ်ဝန်းကျင် အပေါ်သက်ရောက်မှုများကို လေ့လာသည့် သိပ္ပံဘာသာခွဲတစ်ခု ဖြစ်ပါသည်။ ဤဘာသာ /ပညာရပ်တွင် မြစ် ရေ၊ ချောင်းရေနှင့် မြေအောက်ရေများ ပါဝင်သည်။

ဤပညာရပ်သည် ရေသံသရာ (Water Cycle) ကိုလေ့လာသည်။ ယင်းတွင် မိုးရွာခြင်း (Precipitation)၊ ရေငွေ့ပျံခြင်း (Evaporation)၊ မျက်နှာပြင်ရေစီးဆင်းမှု (Runoff) နှင့် မြေအောက်ရေစီးဆင်းမှု (Ground-water Flow) တို့ပါဝင်သည်။ ထို့အပြင် ရေနှင့် ပတ်ဝန်းကျင်အကြား အပြန်အလှန်သက်ရောက်မှုများ၊ ဂေဟာစနစ်များနှင့် လူသား လုပ်ဆောင်ချက်များအပေါ် ရေကြောင့်ဖြစ်ပေါ်သော အကျိုးသက်ရောက်မှုများကိုလည်း လေ့လာသည်။ ဇလဗေဒပညာရှင်များသည် ရေအရင်းအမြစ်များကို စီမံခန့်ခွဲရန်၊ ရေကြီး မှုနှင့် မိုးခေါင်မှုများကို ကြိုတင်ခန့်မှန်းရန်၊ ရေဆိုင်ရာ အခြေခံအဆောက်အအုံများ ဒီဇိုင်းဆွဲရန်တို့အ တွက် ဤပညာကိုအသုံးချသည်။ ဤပညာသည် ရေသိပ္ပံပညာ (Water Science) ဘာသာကြီး၏ ဘာသာရပ်အစိတ်အပိုင်းတစ်ခုဖြစ်သည်။

ရေသိပ္ပံပညာသည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ မိုးလေဝသပညာရှင်များ အပါအဝင် လိုအပ်နေသော ဘာသာကြီးဖြစ်ပြီး ယင်းတွင် ရေနှင့်သက်ဆိုင်သော အောက်ပါဘာသာ ရပ်များ ပါဝင်သည်-

(၁) ရေအရည်အသွေး (Water Quality): ရေ၏ ဓာတုဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒဆိုင်ရာဂုဏ်သတ္တိများနှင့်ညစ်ညမ်းမှုများကြောင့်ယင်းတို့အပေါ် သက်ရောက်မှုများကို လေ့လာခြင်း၊

(၂) ရေအရင်းအမြစ်စီမံခန့်ခွဲမှု (Water Resources Management): လူသား နှင့်ဂေဟာစနစ်ဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းရန် ရေအရင်းအမြစ် များ၏ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးနှင့် စီမံခန့်ခွဲမှုကို အဓိကထားလေ့လာ ခြင်း၊

(၃) ဇလဘူမိဗေဒ (Hydrogeology): မြေအောက်ရေ၏ ဖြစ်တည်မှု၊ ရွေ့လျား မှုနှင့် အရည်အသွေးကို လေ့လာခြင်း၊

(၄) ကုန်းတွင်းရေပြင်ဂေဟာဗေဒ (Limnology): ရေကန်များနှင့် အခြားကုန်း တွင်း ရေပြင်ဂေဟာစနစ်များကို လေ့လာခြင်း၊

(၅) သမုဒ္ဒရာသိပ္ပံ (Oceanography): သမုဒ္ဒရာများ၏ ရူပ၊ ဓာတုနှင့် ဇီဝဗေဒ ဆိုင်ရာ ဂုဏ်သတ္တိများကို လေ့လာခြင်း စသည်တို့ဖြစ်ပါသည်။

မိုးလေဝသ၊ ဇလဗေဒတို့ကို စနစ်တကျလေ့လာဖို့ စိုက်ပျိုးရေး အင်ဂျင်နီယာ (Agricultural Engineering)၊ သဘာဝပတ်ဝန်းကျင်သိပ္ပံ (Environmental Science)၊ ဘူမိဗေဒ(Geology)၊ ရေအရင်းအမြစ်အင်ဂျင်နီယာ(Water Resources Engineering) ပညာရပ်များ ပူးတွဲလေ့လာရန်လိုအပ်ပါသည်။

ရန်ကုန်တက္ကသိုလ်တွင် ပတ်ဝန်းကျင်နှင့်ရေလေ့လာရေးပညာဌာန (Department of Environment and Water Studies) ဖွင့်လှစ်ထားပြီး သိပ္ပံဘွဲ့ - ရေသိပ္ပံပညာ (BSc – Water Science)၊ မဟာသိပ္ပံ၊ ပါရဂူဘွဲ့များ ပေးအပ်လျက်ရှိနေပါသည်။ စိုက်ပျိုးမွေးမြူရေးပညာရပ်များနှင့် ပူးတွဲသုတေသနပြုရန်လည်း လိုအပ်ပါဦးမည်။

### (ဆ-၄) ပထဝီပညာ (Geography)

စိုက်ပျိုးရေးမိုးလေဝသပညာတွင် ပထဝီဝင်(အထူးသဖြင့် သဘာဝ

စာ-၁၁ သို့

# လာမည့်နှစ်ဝက်အတွက် ထိုင်းအစားအစာလုပ်ငန်း အလားအလာကောင်း



Thaifoods Group သည် ကြက်သားနှင့် ဝက်သားရောင်းအားကောင်းမွန်မှုကြောင့် နှစ်ဝက်နောက်ပိုင်းတွင် စီးပွားရေးအလားအလာကောင်းမွန်မည်ဟု မျှော်လင့်ထားသည်။ ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်ရေးအရာရှိချုပ်ဖြစ်သူ Phet Nantavisai က ဝက်သားဈေးနှုန်းမြင့်တက်နေသော်လည်း ကုန်ကြမ်း ကုန်ကျစရိတ်ကျဆင်းနေသောကြောင့် တိုးတက်မှုသည် ဆက်လက်ဖြစ်ပေါ်မည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

ကုမ္ပဏီသည် ကြက်သားကုန်ကြမ်း တင်ပို့မှုတွင် နှစ်စဉ်နှိုင်းယှဉ်၍ ၃၀ ရာခိုင်နှုန်း တိုးတက်မှုရှိမည်ဟု မျှော်လင့်ပြီး၊ ယခုနှစ်အတွင်း တင်ပို့မှုအရွယ်အစားအမြင့်ဆုံးကို ရောက်ရှိရန် ရည်ရွယ်ထားသည်။ အထူးသဖြင့် ဥရောပသမဂ္ဂနှင့် တရုတ်နိုင်ငံတွင် ဖြစ်သည်။

Thaifoods Group သည် လက်လီ ဆိုင်ခွဲအသစ်များဖွင့်ခြင်းဖြင့် Thaifoods Fresh Market ၏ လက်လီဈေးကွက်အတွင်း တည်ရှိမှုကို တိုးချဲ့ရန် စီမံထားသည်။ ၂၀၂၅ ခုနှစ် ပထမသုံးလကုန်တွင်ရှိသော ၄၃၀ ဆိုင်ခွဲမှ ယခုနှစ်ကုန်တွင် ဆိုင်ခွဲ ၆၀၀ ခန့်ထိရှိလာရန် ရည်ရွယ်ထားပြီး၊ တိုးလာစေရန် ဖြစ်သည်။

"နှစ်ဝက်နောက်ပိုင်းတွင် စီးပွားရေးအလားအလာကောင်းမွန်ပြီး၊ ယခုနှစ်တွင် စုစုပေါင်းဝင်ငွေအတွက် စံချိန်သစ်တစ်ခုရရှိနိုင်မည်ဟု ယုံကြည်သည်။ နှစ်စဉ်နှိုင်းယှဉ်၍ ၁၀-၁၅ ရာခိုင်နှုန်း တိုးတက်မှုရှိမည်ဟု ခန့်မှန်းထားသည်" ဟု Mr Phet က ပြောကြားသည်။

TTP

www.asian-agribiz.com(4 Aug)

---

စာ-၁၃ မှ

မြစ်ကြီးနားသို့ တင်ပို့ရမှု နည်းခြင်းကြောင့် အရည်အသွေးပေါ်မူတည်၍ ၂၀ ပိဿာ တစ်သေတ္တာ ၃၀၀၀၀ကျပ်မှ ၆၀၀၀၀ကျပ် ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်နေသည်။

မုံရွာချောင်းဦးမှ ဖရဲသီးများလှိုင်လှိုင်ဝင်ရောက်ခြင်း၊ အရည် အသွေးကွာခြားခြင်းကြောင့် တလုံး ၁၀၀၀ ကျပ်မှ ၃၅၀၀ ကျပ်ဖြင့် ရောင်းဝယ်မှုရှိသည်။ သီပေါ ကုန်းသာနာနတ်များလည်း အဝင်များပြီး တလုံး ၈၀၀ မှ ၁၅၀၀ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ် မှုရှိသည်။ တရုတ်စပျစ်သီးများ အဝင်နည်းပြီး ရမည်းသင်းစပျစ်များသာ ဝင်ရောက်ပြီး တစ်ပိဿာ ၇၅၀၀ ကျပ်မှ ၉၀၀၀ကျပ်၊ ရွှင်ဘက်မှ ထောပတ်သီး ၁၂၀လုံးပါ ပိုက်အိတ်တစ်အိတ် ၃၀၀၀၀ကျပ် ပုပ္ပားမှ နဂါးမောက်သီး ၂၄လုံးပါ တစ်ဖာ ၁၈၀၀၀ကျပ်ဖြင့် မန္တလေးဝန်းကျင်မြို့များ ပြင်ဦးလွင်၊ ရွှေဘိုစသော အမှာရှိသောမြို့များသို့ တင်ပို့သည်။

### ဂျုံနှင့်အစေ့ထုတ်ပြောင်းဈေးကွက်အခြေအနေ

ငါန်းဖွန်၊ မြို့သာ၊ မုံရွာ၊ ဘုတလင်၊ စစ်ကိုင်း၊ ဆားတောင်၊ ရွှေဘို၊ မြင်းမူ၊ မြောင် ဂျုံများ လှောင်သမားထုတ်ရောင်းရှိခြင်း၊ အရောင်းအဝယ်အေးခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ၆၀ပိဿာ ၂၄၀၀၀၀ ကျပ်မှ ၂၃၅၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ ကလေးဂျုံ၊ ရှမ်းဂျုံ ကြူကုတ်ဂျုံတို့မှာ အရည် အသွေးအကောင်းဆုံး ၃တင်းတစ်အိတ် ၂၀၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ဩစတေးလျဂျုံမှုန့်မှာလည်း အဝင်ပုံမှန် လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၃၈၅၀ကျပ်ဖြင့် ဈေးငြိမ်နေသည်။

အစေ့ထုတ်ပြောင်းဈေးနှုန်းမှာ မိုးပြောင်းဝင်ချိန်နီးခြင်းကြောင့် အစာစပ်သမားအဝယ်ပုံမှန်ရှိ သော်လည်း ၃တင်းတစ်အိတ် ၈၇၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ခင်မေကြည်

---

စာ-၁၀ မှ

ပထဝီဝင်နှင့် ရာသီဥတုပညာ)ကို လေ့လာရန် အလွန်အရေးပါသည်။ တချို့တက္ကသိုလ်များတွင် မိုးလေဝသ၊ ပထဝီဝင်နှင့် စိုက်ပျိုးမွေးမြူရေးကို ပေါင်းစပ်သင်ကြားပေးသည့် ဘာသာရပ်များ ပါရှိသည်။ မြန်မာနိုင်ငံရှိ တက္ကသိုလ်များ၏ လက်ရှိ အနေအထားအရ ၁၉၆၄-ခုနှစ် နောက်ပိုင်း ဘာသာရပ်ပေါင်းစုံသင် တက္ကသိုလ်များ (Comprehensive Universities) မဟုတ်တော့သဖြင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ တက္ကသိုလ်များတွင် ပထဝီဝင်ဘာသာကို တွဲဖက်ဘာသာ (Minor Subject) အဖြစ် သင်ယူလေ့လာရန် အခက်အခဲရှိပါသည်။ ဆက်စပ်ပုံအနေဖြင့်-

၁။ ရာသီဥတုပညာ (Climatology) - ပထဝီဝင်၏ ဘာသာရပ်ခွဲဖြစ်ပြီး ရေရှည်ရာသီ ဥတုပုံစံများကို လေ့လာကာ စိုက်ပျိုးရေးအတွက် အရေးပါသည်။

၂။ သဘာဝပထဝီဝင် - မြေမျက်နှာသွင်ပြင်၊ အမြင့်၊ မြေအသုံးချမှုစနစ်များသည် ရာသီဥတုနှင့် ဒေသိယအခြေအနေများကို သက်ရောက်မှုရှိသည်။

၃။ ပထဝီအချက်အလက်နည်းပညာ (GIS) နှင့် အာကာသမှတ်တမ်းရုပ်ပုံများ - ပထဝီဝင်တွင် အသုံးပြုသောဤနည်းပညာများကို မိုးလေဝသ ခန့်မှန်းရေးတွင် အများဆုံး အသုံးပြု သည်။

၄။ စိုက်ပျိုးရေး မိုးလေဝသပညာ (Agrometeorology) တွင် မိုးလေဝသ အချက် အလက်များ (မိုးရေချိန်၊ အပူချိန်)နှင့် ပထဝီဆိုင်ရာအချက်များ (မြေအမျိုးအစား၊ မြေပြန့် မြေမြင့် ကွာခြားမှု) နှစ်ခုလုံးလိုအပ်မှုကို ပထဝီပညာ ဗဟုသုတများက ပံ့ပိုးပေးနိုင် ပါသည်။

### (ဆ-၅) သင်္ချာပညာ (Mathematics)

ဤဘာသာသည် စာရေးသူတို့ မူလတန်းကျောင်းသား ဘဝက နေစ၍ တက္ကသိုလ်အထိ လေ့လာသင်ကြား/သင်ယူနေရသော ဘာသာဖြစ်ပါသည်။

မိုးလေဝသလေ့လာတွေ့ရှိချက်များကို စိုက်ပျိုးရေးအတွက် လက်တွေ့ကျသော အချက် အလက်များအဖြစ် ပြောင်းလဲခြင်းသည် သင်္ချာဖြင့်အခြေခံထားသည်။ သင်္ချာသည် စိုက်ပျိုးရေးဆိုင်ရာ အသုံးချမှုများစွာအတွက် မရှိမဖြစ် လိုအပ်ကြောင်း အတိအလင်း အသိအမှတ်ပြုထားသည်။ ဥပမာ- စိုက်ပျိုးရန်အတွက် ရေပမာဏ လိုအပ်ချက်/ အကောင်းဆုံး သတ်မှတ်ခြင်း၊ မြေဩဇာ လိုအပ်ချက်ပမာဏ တိကျစွာ သတ်မှတ်ခြင်း၊ ကူးစက်ရောဂါဗေဒနှင့် မြေဆီလွှာ၊ အထွက်တိုးမှု တိုင်းတာခြင်းကဲ့သို့သော ပိုမိုရှုပ်ထွေးသော နယ်ပယ်များတွင်လည်း အသုံးပြုသည်။ သင်္ချာမော်ဒယ်များသည် ရှုပ်ထွေးသော စိုက်ပျိုးရေးပြဿနာများကို ဖြေရှင်းရန်၊ သိပ္ပံနည်းကျ နားလည်မှုနှင့် ဆုံးဖြတ်ချက်ချမှတ် ရန်အတွက် ရှုပ်ထွေးသောစနစ်များကို ပမာဏဖြင့် ဖော်ပြရန် မရှိမဖြစ်လိုအပ်သည်။

ဤပမာဏဆိုင်ရာ ချဉ်းကပ်မှုသည် စိုက်ပျိုးရေးစီမံကိန်းရေးဆွဲသူများအတွက် နည်းဗျူဟာမြောက် ရေတိုဆုံးဖြတ်ချက်များနှင့်မဟာဗျူဟာမြောက် ရေရှည်စီမံကိန်းများ (ဥပမာ၊ နေ့စဉ် ရေသွင်းချိန်ဇယားများ) ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်ခြင်း နှစ်ခုလုံးကို ပံ့ပိုးပေးသည်။

အနာဂတ်ရာသီဥတုအခြေအနေများကို တိကျစွာ ခန့်မှန်းနိုင်စွမ်းသည် ကြိုတင် ကာကွယ်မှုဆိုင်ရာ စိုက်ပျိုးရေးစီမံခန့်ခွဲမှုအတွက်အရေးကြီးပြီးအဆင့်မြင့် သင်္ချာမော်ဒယ် များ အသုံးချမှုနှင့် တိုက်ရိုက်ဆက်စပ်နေသည်။ ခိုင်မာသော သင်္ချာမူဘောင်များမရှိပါက ရာသီဥတု အချက်အလက်များသည် ကုန်ကြမ်း လေ့လာတွေ့ရှိချက်များ စုစည်းမှု အဖြစ်သာ ကျန်ရှိနေမည်ဖြစ်ပြီး၊ ခေတ်မီစိုက်ပျိုးရေးကဏ္ဍ လိုအပ်သော "အချက်အလက်အခြေခံ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ ထုတ်လုပ်မှု တိုးတက်စေခြင်းနှင့် ခံနိုင်ရည်ရှိမှု တည်ဆောက်ခြင်းတို့ကို ပံ့ပိုးပေးသည့် လက်တွေ့ကျသော ရာသီဥတုနှင့် မိုးလေဝသဆိုင်ရာ အချက်အလက်များ" အဖြစ် ပြောင်းလဲနိုင်မည် မဟုတ်သေးပါ။

စိုက်ပျိုးမွေးမြူရေးသစ်တောပညာများအတွက်အရေးပါသောဇီဝစာရင်းအင်းပညာ (Biostatistics/Biometrics) ကိုလည်း နိုင်ငံတကာတက္ကသိုလ်များနည်းတူ အသုံးချသင်္ချာပညာနှင့်စာရင်းအင်းပညာ (Department of Applied Mathematics and Statistics) ဌာနကြီး တည်ထောင်ပြီး အထောက်အကူပြုပေးနိုင်ပါက ပိုမိုအကျိုးရှိနိုင် ပါလိမ့်မည်။

(နောက်ဆောင်းပါးများ ဆက်ပါဦးမည်)

ဒေါက်တာမျိုးကြွယ်




၁၂-၈-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

## ဆန်ဈေးကွက်

ယခုရက်သတ္တပတ်အတွက်ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း) တွင် ထုတ်ပြန်ထားသည့် ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်း ဆန်အဟောင်း အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၅၃၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၅၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ရွှေဘို ပေါ်ဆန်း ဆန်အသစ် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၄၀၀၀၀ ကျပ်နှုန်းနှင့် အောက်စ တစ်အိတ်လျှင် ၁၃၅၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်း အဟောင်း အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၁၂၀၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ပေါ်ကျွဲဆန်အဟောင်း အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၁၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၀၀၀၀၀ ကျပ်နှုန်း ဖြင့်လည်းကောင်း၊ဧယာဆန်အသစ်အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၆၄၀၀၀ကျပ် နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၆၃၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း အကြမ်း အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၅၈၀၀၀ ကျပ် နှင့် အောက်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၅၇၅၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ငစိန်ဆန် အလတ်စ တစ်တင်းခွဲအိတ်လျှင် ၆၃၀၀၀ ကျပ်နှုန်းနှင့်အောက်စတစ်အိတ်လျှင် ၆၁၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။ ဆန်ဟောင်းလက်ကျန်နည်းလာချိန်ဖြစ်သော်လည်း လှောင်လက်များမှ စပါးထုတ် ရောင်းမှုများခြင်း၊ စပါးရောင်းလိုအားများကာ ဝယ်လိုအားနည်းနေခြင်းကြောင့် စပါးဈေးကျခြင်း၊ သယ်ယူပို့ဆောင်စရိတ်နှင့် ကြိတ်ခွဲစရိတ်များ ဈေးမြင့်လာသော်လည်း ရည်ညွှန်း ဆန်ဈေးများ တည်ငြိမ်နေခြင်း၊စားသုံးသူများမှလည်းလိုအပ်သလောက်သာဝယ်ယူမှုရှိခြင်း၊ ဆန်ချော၊ ဆန်ကြမ်း ရောနှောစားသုံးမှုများခြင်း၊ အရောင်းအဝယ်အေးခြင်းတို့ကြောင့် ပြည်တွင်း သုံးစွဲမှုများသော ဆန်ချော၊ဆန်ကြမ်းများအားလုံး ဈေးနှုန်းတည်ငြိမ်လျက်ရှိသည်။အိမ်နီးချင်းနိုင်ငံများ၏ ပြည်ပပို့ ဆန်ဈေးနှုန်းများမှာလည်း ဆန်လက်ကျန်များခြင်း၊ ပထဝီနိုင်ငံရေးတင်းမာမှုများနှင့် အမေရိကန် နိုင်ငံ၏ သွင်းကုန်အခွန်တိုးမြှင့်မှုကို ချိန်ညှိနေသော နိုင်ငံများ၏ ဝယ်လိုအားလျော့နည်းခြင်း စသော အခြေအနေများကြောင့် ဈေးနိမ့်လျက်ရှိသည်။ အလားတူပင် ပြည်ပပို့ဆန်ဈေးနှုန်းများမှာလည်း အရောင်းအဝယ်အေးကာ ဈေးနိမ့်လျက်ရှိသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းတို့မှလည်း သင့်တင့်မျှတသော ဈေးနှုန်းများဖြင့် ဆန်ချော၊ ဆန်ကြမ်းများအား ကားဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ် ၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှု ပုံမှန်ရှိခဲ့ကြောင်း သိရသည်။

## အစေ့ထုတ်ပြောင်းဈေးကွက်

အစေ့ထုတ်ပြောင်းများအား ထိုင်းနှင့် အိန္ဒိယနိုင်ငံများသို့ အကောက်ခွန်လွတ်တင်သွင်းနိုင်သော ကာလဖြစ်သော်လည်း ကမ္ဘာ့နိုင်ငံရေး အပြောင်းအလဲများနှင့်အတူ ကမ္ဘာ့ရွှေဈေးနှင့် နိုင်ငံခြားငွေလဲနှုန်းအပြောင်းအလဲများကြောင့်လည်းကောင်း၊သွင်းကုန်အခွန်ဖြေလျှော့ရေး ညှိနှိုင်း မှုအဖြစ် ထိုင်းနိုင်ငံသည် အမေရိကန်ပြောင်းများအား တန်ချိန်တိုးမြှင့် ဝယ်ယူမည်ဆိုသည့် သတင်းများနှင့်အတူ ထိုင်းကုန်သည်များက မြန်မာပြောင်းဝယ်ယူမှုကို ထိန်းနေခြင်းကြောင့် လည်းကောင်း၊ ထိုင်းနိုင်ငံ၏ ဝယ်လိုအားကျဆင်းကာ မြန်မာ့ပြည်တွင်း ပြောင်းဈေးများလည်း တဖြည်းဖြည်း ကျဆင်းလာခဲ့သည်။ ဇွန်လ တတိယအပတ်၏ ဈေးနှုန်းဖြစ်သော ၉၅၀၄၀ ကျပ်မှ ဩဂုတ်လ ပထမရက်သတ္တပတ်၏ ဈေးနှုန်းဖြစ်သော ၈၈၅၆၀ ကျပ်တိုင်အောင် တရွေ့ရွေ့ ဈေးကျလာခဲ့ခြင်းဖြစ်သည်။ ယခုရက်သတ္တပတ်၏ ဈေးနှုန်းမှာလည်း အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၈၈၅၆၀ ကျပ်ပင်ဖြစ်သည်။

## စားဖိုဆောင်သီးနှံဈေးကွက်

ကြက်သွန်နီ(ထူး၊ လတ်၊ သေး)မှာ ဈေးကွက်သို့ ကုန်အဝင်နည်းလာခြင်း၊ ပစ္စည်းအလုရှား ခြင်း၊ စိုက်ပျိုးထွက်ရှိရာ ဒေသများတွင် ပြည်ပဝယ်လက်များမှ ဝယ်ယူမှုရှိခြင်း၊ အရည်အသွေး အနိမ့်စများမှာလည်း ပြည်တွင်းစားသုံးရန် ဝယ်ယူမှုများခြင်းစသည့် အခြေအနေများကြောင့် ယခင်အပတ်ထက်ဈေးမြင့်လာခဲ့သည်။ ကြက်သွန်နီ(ထူး၊ လတ်၊ သေး) တစ်ပိဿာလျှင် ပျမ်းမျှ ဈေးနှုန်းမှာ ၁၃၅၀-၁၂၁၃-၇၇၅ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၁၅၈၈-၁၃၁၃-၈၇၅ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ ရန်ကုန်ဈေးကွက်သို့ မြင်းခြံ၊ ဆိပ်ဖြူ၊ မုံရွာ၊ တောင်တွင်း၊ တောင်သာ၊ မင်းဘူး၊ ပျော်ဘွယ်၊ မိတ္ထီလာဒေသများမှ ကုန်ဝင်ရောက်မှုရှိခဲ့ကြောင်း သိရသည်။ ငရုတ်ခြောက် (ရှည်၊ လတ်၊ပွ)ဈေးနှုန်းများမှာလည်း ပစ္စည်းအလုရှားခြင်း၊ မိုးရွာသွန်းမှုများကြောင့် ဈေးကွက်သို့ ကုန်အဝင်နည်းလာခြင်း၊စားသုံးသူများမှဝယ်လိုအားများခြင်း၊ အအေးခန်းသိုလှောင်ငရုတ်ခြောက်များလည်း ကုန်ဝင်ရောက်မှုရှိခြင်းတို့ကြောင့် ယခင်အပတ်ထက် သိသာစွာ ဈေးမြင့်လာခဲ့သည်။ ငရုတ်ခြောက် (ရှည်၊လတ်၊ပွ)တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၇၇၅၀-၉၅၀၀-၁၅၅၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၉၂၅၀-၁၁၅၀၀-၁၈၅၀၀ ကျပ်သို့ ရောက်ရှိ ဈေးမြင့် ခဲ့သည်။ ဈေးကွက်သို့ ပန်းရဲ၊ မြားနီ၊ မြစ်ဝ(မိုးထောင်)၊ ဆင်ဖြူကျွန်းပု)၊ မြစ်ဝ(ပု)ငရုတ်ခြောက် များကုန်ဝင်ရောက်မှုရှိခဲ့ပြီး အရည်အသွေးကောင်းမွန်လှပသော အအေးခန်းလှောင်ငရုတ်ခြောက် များလည်း ကုန်ဝင်ရောက်မှုရှိခဲ့ကြောင်းသိရသည်။ ကြက်သွန်ဖြူ(ရှမ်း)မှာ ဈေးကွက်သို့ကုန်အဝင် နည်းလာခြင်း၊ သယ်ယူစရိတ်များ ဈေးမြင့်လာခြင်းနှင့် စားသုံးသူများမှ ဝယ်လိုအားများခြင်းတို့ကြောင့် ဈေးမြင့်ခဲ့ပြီး ကြက်သွ န်ဖြူ(ကြူကုတ်)မှာ ဈေးကွက်သို့ ကုန်အဝင် အလွန်နည်းခြင်း၊ တင်သွင်းရန်ဝယ်ဈေးမြင့်ခြင်း၊ သယ်ယူပို့ဆောင်စရိတ်များမြင့်ခြင်းတို့ကြောင့် ဈေးမြင့်ခဲ့သည်။ ကြက်သွန်ဖြူ(ရှမ်း)တစ်ပိဿာလျှင် ယခင်ပျမ်းမျှဈေးနှုန်းမှာ ၅၁၅၀ ကျပ်ဖြစ်ပြီး ယခုအပတ် ဈေးနှုန်းမှာ ၆၅၀၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ ကြက်သွန်ဖြူ (ကြူကုတ်)တစ်ပိဿာလျှင် ယခင်ပျမ်းမျှဈေးနှုန်းမှာ ၁၀၆၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၁၈၂၅၀ ကျပ်သို့ ရောက်ရှိ ဈေးမြင့်ခဲ့သည်။အောင်ပန်းဒေသထွက်အာလူးဈေးနှုန်းများမှာအာလူးအသစ်များဖြစ်၍ အစိုဓာတ် များခြင်း၊အရွယ်အစားသေးခြင်းတို့ကြောင့် ဈေးကွက်သို့ ကုန်အဝင်နည်းသော်လည်း ယခင်အပတ် ထက်ဈေးနိမ့်ခဲ့ပြီး တရုတ်အာလူးမှာမူကုန်အဝင်နည်းခြင်းကြောင့်ယခင်အပတ်ထက် အနည်းငယ် ဈေးမြင့်လာခဲ့သည်။အာလူး(အေဝမ်း)မှာ ယခင်ရက်သတ္တပတ်အတွင်း ကုန်အဝင်မရှိခြင်းကြောင့် ဈေးနှုန်းမရရှိခဲ့ပါ။ ထို့ကြောင့် အာလူး(S1၊ OK၊ A1) တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်း မှာ ၄၃၀၀-၄၂၀၀- ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၃၅၀၀-၃၃၀၀-၃၀၀၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။ တရုတ်အာလူးတစ်ပိဿာလျှင် ယခင် အပတ်ပျမ်းမျှဈေးနှုန်းမှာ ၅၂၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၅၃၀၀ ကျပ် ဖြစ်သည်။

## စားသုံးဆီဈေးကွက်

ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သော နိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသော ဈေးကွက် ဈေးနှုန်းများအပေါ် အခြေခံ၍ စားအုန်းဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်အထိ ကုန်ဆုံးသောကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကားရည်ညွှန်းဈေးနှုန်းမှာ ၆၂၈၅ ကျပ်ဖြစ်သည်။ ယခင်အပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ၄၅ ကျပ်နှုန်း ဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့စားအုန်းဆီ အများဆုံးထုတ်လုပ်သော အင်ဒိုနီးရှားနိုင်ငံတွင် စားအုန်းဆီတင်ပို့ခွန်နှုန်းထားများအား ဩဂုတ်လအတွင်း ပြောင်းလဲတိုးမြှင့် သတ်မှတ်လာခြင်းရှိခဲ့ကြောင်း သိရသည်။ ပြင်ပရှိ လက်လီဈေးကွက်တွင် သတ်မှတ်ထားသော ဆီဆိုင်အချို့၌ ရည်ညွှန်းဈေးနှုန်းထက်များစွာ မကွာသော ဈေးနှုန်းများဖြင့် တစ်အိမ်ထောင်လျှင် စားအုန်းဆီ ၅၀ ကျပ်သားနှုန်း ရောင်းချပေး လျက်ရှိသည်။

**အေးသန္တာဝင်း**

## ဆန်ဈေးကွက်အခြေအနေ

ရန်ကုန်ပေါ်ဆန်းမှာ မိုးစပါးစိုက်ထားချိန်ဖြစ်၍ လှောင်သမားထုတ်ရောင်းမှုရှိခြင်း၊ မြို့တွင်းစားသုံးမှုပုံမှန်ဖြစ်ခြင်း၊ နယ်ဝေးတင်ပို့ရမှုမရှိခြင်းကြောင့် တစ်အိတ် ၁၂၅၀၀၀ကျပ်မှ ၁၁၅၀၀၀ကျပ်သို့ ဈေးနိမ့်သွားပြီး ရွှေဘိုပေါ်ဆန်းမှာ မြို့တွင်းစားသုံးမှု နည်းသော်လည်း တစ်အိတ် ၁၅၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ မနောသုခဆန်မှာ နွေစပါးဝင်ရောက်မှု ရှိခြင်း၊ မြို့တွင်းစားသုံးမှုအသစ်အားဝယ်ယူမှုနည်း၍ အရောင်း အဝယ်အေးခြင်းကြောင့် တစ်အိတ် ၇၈၀၀၀ကျပ်မှ ၇၂၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ ငစိန်ဆန်မှာ နွေစပါးဝင်ရောက်မှုရှိ၍ ပင်ရင်းဈေးနိမ့်ခြင်း၊ မုန့်လုပ်ငန်းသမားအဝယ်နည်းခြင်း ကြောင့် တစ်အိတ် ၆၂၀၀၀ကျပ်မှ ၆၀၀၀၀ ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။ ဧယာဆန်မှာ ပင်ရင်းဈေးနိမ့်ခြင်း အဝင်ပုံမှန် မြို့တွင်း စားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၈၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ရွှေမင်းဆန်မှာ အသစ်အဝင်နည်းသွားခြင်း၊ မြို့တွင်းစားသုံးမှု ပုံမှန်ရှိခြင်းတို့ကြောင့် တစ်အိတ် ၁၂၀၀၀၀ကျပ်မှ ၁၂၅၀၀၀ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။

## ဆီထွက်သီးနှံ ဈေးကွက်အခြေအနေ

မြေပဲ (လုံးဆံ) ဈေးနှုန်းမှာ မိုးမြေပဲဝင်ချိန်နီး၍ တောင်သူထုတ်ရောင်းမှုရှိခြင်းကြောင့် ပြည်မြေပဲဆံ ၁၀၀ပိဿာ ၆၅၀၀၀၀ကျပ်၊ ရမည်းသင်းလုံးဆံ ၇၀၀၀၀၀ကျပ်၊ နွားထိုးကြီး မုဝင်သော လုံးဆံ အရည် အသွေးပေါ်မူတည်၍ ၇၃၀၀၀၀ကျပ်မှ ၇၈၀၀၀၀ကျပ် အသီးသီးဖြင့် ဈေးကွာခြားမှုရှိသည်။ မြေပဲ (ဆီဆံ) မှာလည်း အရည်အသွေးပေါ်မူတည်၍ ၁၀၀ပိဿာ ၆၅၀၀၀၀ကျပ်မှ ၇၂၅၀၀၀ကျပ်ဖြင့် ဆီစက်သမားများ ဝယ်ယူမှုပုံမှန်ရှိသည်။ နှမ်းမျိုးစုံဈေးနှုန်းအနေဖြင့် နှမ်းဖြူ(ရိုးရိုး)မှာ မိုးနှမ်းဝင်ချိန်နီးခြင်း၊ ဆောင်းလက်ကျန်နည်း၍ အသစ်ဈေးဖြစ်ခြင်း၊ မုန့်လုပ်ငန်းသမားအဝယ်သာရှိခြင်းကြောင့် ယခင်အပတ် ၃၀၅၀၀၀ကျပ်မှ အရည်အသွေး ကောင်းအဟောင်း ၄၅ပိဿာ ၂၆၀၀၀၀ကျပ်၊ အသစ် ၄၅ပိဿာ အရည်အသွေးပေါ်မူ တည်၍ ၂၇၅၀၀၀ကျပ်မှ ၂၉၀၀၀၀ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းချမှုရှိသည်။ နှမ်းညိုမှာ အသစ်အဝင်နည်းသေးခြင်း၊ နှမ်းကြားဝင်ရောက်မှုရှိခြင်း ဆီစက်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ယခင်အပတ်အရည်အသွေးအကောင်းဆုံး ၂၇၅၀၀၀ကျပ်မှ ၂၈၀၀၀၀ကျပ်သို့ ဈေးမြင့်သွားပြီး အညံ့ဆုံး ၂၇၀၀၀၀ကျပ်မှ ၂၅၀၀၀၀ကျပ်သို့ မသိမသာ ဈေးနိမ့်သွားသည်။

နှမ်းနက်(စမုံ)မှာ အသစ်အဝင်ရှိခြင်း၊ တရုတ်ဝယ်လက်နှင့် မုန့်လုပ်ငန်းမှ အဝယ်နည်းခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ၈၃၅၀၀၀ ကျပ်မှ ၇၈၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ ပန်းနှမ်းဈေးနှုန်းအနေဖြင့် အထွက်နည်း အဝင်နည်းခဲ့ခြင်း၊ ဘယဆေးနှင့် လက်လီသမား အဝယ်ရှိခြင်းကြောင့် ယခင်အပတ် ၃၃၀၀၀၀ကျပ်မှ ၃၃၅၀၀၀ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။ နေကြာဈေးနှုန်းအနေဖြင့် မြို့နေကြာဝင်ချိန်နီး၍ လှောင်သမားထုတ်ရောင်းမှုရှိခြင်း၊ နေကြာ ဈေးမြင့်သဖြင့် ဆီစက်သမားအဝယ်နည်းခြင်းတို့ကြောင့် ယခင်အပတ် ၂၇ပိဿာ ၁၈၅၀၀၀ ကျပ်မှ ၁၇၅၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။

## ပဲမျိုးစုံဈေးကွက်အခြေအနေ

မတ်ပဲဈေးနှုန်းအနေဖြင့် ပဲခွဲစက်များအဝယ်ပုံမှန်ရှိသော်လည်း ရန်ကုန်ဝယ်လက်နည်းခြင်းကြောင့် ကျောက်ရစ်ပဲ ၃တင်းတစ်အိတ် ၂၈၅၀၀၀ ကျပ်မှ ၂၈၀၀၀၀ကျပ်သို့ ဈေးမသိမသာနိမ့်သွားပြီး အညာပဲများမှာ အရည်အသွေးကောင်း ၃တင်းတစ်အိတ် ၂၂၀၀၀၀ ကျပ် အရည်အသွေးညံ့တစ်အိတ် ၁၈၀၀၀၀ ကျပ် ဈေးအသီးသီးဖြင့် ရောင်းဝယ်မှုရှိသည်။

ပဲတီစိမ်းဈေးနှုန်းအနေဖြင့် ထွက်ရှိရာဒေသနှင့် အရည်အသွေးပေါ်မူတည်၍ ပဲခွဲစက်သမားနှင့် အဝေးပို့ဝယ်ယူမှု ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၃၅၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲစဉ်းငုံ (ဖြူ/နီ)တို့မှာ ပစ္စည်းရှားသော်လည်း ရန်ကုန်ဝယ်လက်နှင့် ပဲခွဲစက်အဝယ်နည်းခြင်း ကြောင့် ပဲစဉ်းငုံ(နီ) ၃တင်းတစ်အိတ် ၂၆၆၀၀၀ ကျပ်မှ ၂၅၇၀၀၀ကျပ်သို့ ဈေးမသိမသာနိမ့်သွားပြီး ပဲစဉ်းငုံ(ဖြူ)မှာ အရောင်းအဝယ်ဖြစ်မှုတစ်ပတ်တာ အတွင်းနည်းခြင်းကြောင့် ယခင်အပတ်ဈေးနှုန်းအတိုင်း ၃တင်းတစ်အိတ် ၂၅၀၀၀၀ကျပ်ဖြင့် အရောင်းအဝယ်အေးနေသည်။

ပဲပုတ်(ရှမ်း/မြန်မာ) တို့မှာ ပဲပုတ်(မြန်မာ) မှာ မိုးပဲပုတ်အသစ်များ ဝင်ရောက်စပြုခြင်း၊ လုပ်ငန်းသမားအဝယ်နည်းခြင်း၊ လှောင်သမားထုတ်ရောင်းမှုရှိခြင်းကြောင့် ယခင်အပတ် ၃တင်း တစ်အိတ် ၄၁၀၀၀၀ကျပ်မှ ၃၈၅၀၀၀ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။ ပဲပုတ်(ရှမ်း)မှာလည်း အသစ်အဝင်နည်းသေးခြင်း၊ ဆီစက်သမားအဝယ်နည်းခြင်းကြောင့် ၂၆၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ကုလားပဲ(လုံးဖြူကြီး/လုံးဝါကြီး) တို့မှာ ပစ္စည်းနည်းသော်လည်း လုပ်ငန်းသမားနှင့် ပဲခွဲစက်များ အဝယ်နည်းခြင်းကြောင့် ယခင်အပတ် ၃တင်း တစ်အိတ် ၂၆၁၀၀၀ကျပ်မှ ၂၅၀၀၀၀ကျပ်သို့ လည်းကောင်း ကုလားပဲ (လုံးဝါကြီး)မှာလည်း ပဲစိုများ ပေါ်ချိန်ဖြစ်၍ ပဲခွဲစက်များ အဝယ်နည်းခြင်း ကြောင့် ၃တင်းတစ်အိတ် ၂၄၃၀၀၀ကျပ်မှ ၂၃၇၀၀၀ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။ လုံးဝါကြီး ဈေးနိမ့်သဖြင့် အနိမ့်ဈေးဖြင့် ကြိတ်ခွဲရသဖြင့် ခွဲခြမ်းမှာလည်း တစ်ပိဿာ ၆၃၀၀ကျပ်မှ ၆၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။

ပဲယင်းမှာလည်းအရောင်းအဝယ်အေးခြင်းကြောင့် ယခင်အပတ် ၃တင်းတစ်အိတ် ၂၃၀၀၀၀ ကျပ်မှ ၂၂၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ မြေတောက်ပဲမှာ အညာပဲများ ဝင်ရောက်ပြီး ဒေသအလိုက် အရည်အသွေးပေါ်မူတည်၍ ၂၇၀၀၀၀ ကျပ်မှ ၃၀၀၀၀၀ ကျပ်တိဖြင့် လုပ်ငန်းသမား၊ အကြော်အလှော်သမားများ ဝယ်ယူမှုရှိသည်။ စားတော်ပဲ(ကျွန်း)မှာ စိုက်ဧကနည်းအထွက်နည်း အဝင်နည်းခြင်း၊ စားတော်ပဲ(ယူကရိန်း) မဝင်ခြင်း၊ လက်လီသမားအဝယ်ပုံမှန်ရှိခြင်း၊ အရည်အသွေး ပေါ်မူတည်၍ ဈေးကွာခြားခြင်းကြောင့် အညံ့ဆုံး ၃တင်းတစ်အိတ် ၆၃၀၀၀၀ကျပ်၊ အကောင်းဆုံး ၆၅၅၀၀၀ ကျပ်ထိ ဈေးမြင့်နေသည်။

ပဲကြီး (ကြီး) မှာ အဝေးပို့သမား၊ အကြော်လှော်သမားအဝယ်ရှိခြင်းကြောင့် ယခင်အပတ် ၃တင်းတစ်အိတ် ၃၇၀၀၀၀ကျပ်မှ ၃၉၀၀၀၀ ကျပ်သို့လည်းကောင်း၊ ပဲကြီး (သေး)မှာ ပဲကြော်/လှော်လုပ်ငန်းသမားအဝယ်များခြင်း၊ မိုးပဲမဝင်သေးခြင်းကြောင့် ၃တင်းတစ်အိတ် ၃၁၀၀၀၀ ကျပ်မှ ၃၅၀၀၀၀ ကျပ်သို့ ဈေးအသီးသီးမြင့်သွားသည်။ ထောပတ်ပဲ (ကြီး/သေး)မှာ အရောင်းအဝယ် အေးခြင်းကြောင့် ယခင်အပတ်ဈေးနှုန်းအတိုင်း ၃တင်း တစ်အိတ် ၃၁၅၀၀၀ကျပ်၊ ထောပတ်ပဲ (သေး) ၂၅၀၀၀၀ကျပ်ဖြင့် ဈေးငြိမ်နေသည်။

## စားဖိုဆောင်သီးနှံဈေးကွက်အခြေအနေ

ငရုတ်ခြောက် (ရှည်) မှာ ကျောက်ဆည်၊ ကူမဲတို့မှ အဝင်နည်းပြီး ရှမ်းသီးများသာ အဝင်များပြီး တစ်ပိဿာ ၈၅၀၀ကျပ်၊ ရောဝတီမှ အပွတစ်ပိဿာ ၂၃၅၀၀ကျပ်ဖြင့် ရောင်းဝယ်နေသည့် ကြက်သွန်နီဈေးနှုန်းမှာ နယ်စုံ (ရွှေဘို၊ မုံရွာ၊ မြင်းခြံ၊ ထီးဆောင်း၊ စမြတ်ခုံတို့မှ မဝင်တော့ဘဲ မုံရွာဘက်မှ အဝင်များခြင်း၊ နယ်ဝေး တင်ပို့ရမှုမရှိခြင်းတို့ကြောင့် ကြီးတစ်ပိဿာ ၁၅၀၀ ကျပ်၊ လတ်တစ်ပိဿာ ၁၃၀၀ကျပ်၊ သေး တစ်ပိဿာ ၈၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ကြက်သွန်ဖြူ (မြေပြန့်)တရုတ်တို့မှာ လက်ကျန်များသာ ရောင်းဝယ်မှုရှိပြီး ကြက်သွန်ဖြူ ရှမ်းတစ်မျိုးသာ ဝင်ရောက်ပြီး အရည်အသွေးအနိမ့်ဆုံး တစ်ပိဿာ ၃၀၀၀ကျပ်မှ အကောင်းဆုံး ၆၀၀၀ကျပ်ဖြင့် မြို့ တွင်းသုံးဝယ်ယူမှုသာရှိသည်။

အာလူးဈေးနှုန်းအနေဖြင့် အောင်ပန်းအာလူးတစ်မျိုးတည်းသာ ဝင်ရောက်မှုရှိပြီး တစ်ပိဿာ ၄၀၀၀ကျပ်၊ အေဝမ်းတစ်ပိဿာ ၃၅၀၀ကျပ်ဖြင့် မြို့တွင်းစားသုံးမှုသာရှိပြီး ဈေးတည်ငြိမ်နေသည်။

## ဟင်းသီး/ရွက်နှင့် သစ်သီးဝလံ ဈေးကွက်အခြေအနေ

သာစည်ဘက်မှ ငရုတ်စို(ရှည်)များ အဝင်များလာပြီး နယ်ဝေးတင်ပို့ရမှုမရှိခြင်း၊ မြို့တွင်းစားသုံးမှုသာရှိခြင်း၊ လုပ်ငန်းသမားအဝယ်နည်းခြင်းကြောင့် တစ်ပိဿာ ၃၀၀၀ ကျပ်၊ စတတ်တာ ၃၅၀၀ ကျပ်၊ ငရုတ်စို(လတ်)မှာ ချောင်းဦးဘက်မှ ဝင်ရောက်ပြီး လမ်းပမ်း ဆက်သွယ်ရေးကြောင့် အရောင်းအဝယ်အေးပြီး တစ်ပိဿာ ၉၀၀၀ ကျပ်မှ ၆၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

ခရမ်းချဉ်ဈေးနှုန်းအနေဖြင့် အင်းသီးများ အဝင်များခြင်း၊ လုံးခင်း၊

စာ-၁၁ သို့

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်း၊ ကိုင်းတန်းဈေး၊ သီရိမာလာဈေးတို့မှ ၁၂-၈-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။



# ရှည်မတက်

## သဘာဝကပေးအစာနှင့်ဆေး

ကြေးမုံငယ်

"ပရဆေးပင်များ၏ဘုရင်မ" ဟု တင်စားခေါ်ဝေါ်ကြသော ရှည်မတက်ပင်ကို ကုန်းကညွတ်၊ ကညွတ်ရိုင်းပင် ဟုလည်း လူသိများကြပြီး အင်္ဂလိပ်အမည်မှာ Asparagus ဟုခေါ်ဆိုသကဲ့သို့ Asparagus Root ဟုလည်း လူသိများ၏။ အိန္ဒိယနိုင်ငံတွင်မူ ယင်းကို shatavari ဟု ခေါ်ဆိုကြ၏။ ယင်း၏ ရုက္ခဗေဒ အမည်မှာ Asparagus racemosus ဖြစ်ကာ မျိုးရင်း Liliaceae တွင် ပါဝင်၏။

ရှည်မတက်ပင်သည် အိန္ဒိယတိုက်ငယ်၊ အာဖရိကနှင့် အာရှ၏ အချို့သောဒေသများ၊ အာဖရိက၊ အိန္ဒိယ အပါအဝင် အာရှတောင်ပိုင်းဒေသများ၊ ဩစတေးလျမြောက်ပိုင်းဒေသများမှ စတင်ဖြစ်ထွန်း ပေါက်ဖွားလာ၏။ ၎င်းကို နီပေါလ်တွင်လည်း တွေ့ရှိပြီး အိန္ဒိယရှိ Satawar, Satamuli နှင့် Shatavari ကဲ့သို့သော ဒေသအမျိုးမျိုးတွင် အမည်အမျိုးမျိုးဖြင့် လူသိများ၏။ မြန်မာနိုင်ငံတွင်လည်း ရှည်မတက်ပင်ကို နေရာအနှံ့တွင် ပေါက်ရောက်တွေ့ရှိနိုင်၏။

ရှည်မတက်ပင်သည် အိန္ဒိယနှင့် ဟိမဝန္တာတောင်တန်းတစ်လျှောက်တွင် မူရင်းစတင်ပေါက်ရောက်ဖြစ်ထွန်း၏။ အပင်အမြင့်ပေ ၃ ပေမှ ၆ ပေခွဲခန့်အထိရှိပြီး ကျောက်တုံးကျောက်ဆောင်များနှင့် မြင့်မားလှသောလွင်ပြင်ဒေသများနှင့် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၃၀၀ မှ ၄၆၀၀ အကြားတွင် ကောင်းမွန်စွာ ပေါက်ရောက်ဖြစ်ထွန်း၏။ ယင်းအပင် ကို ၁၇၉၉ ခုနှစ်တွင် ရုက္ခဗေဒပညာရပ်အရ ဖော်ပြခြင်းပြုခဲ့၏။ ယင်း၏ များပြားလှစွာသော ဆေးဖက်ဝင်အာနိသင်နှင့် ကျန်းမာရေးအသုံးဝင်ပုံတို့ကြောင့်ယနေ့ထိအောင် ထင်ရှားကျော်ကြားနေဆဲဖြစ်၏။ ယခုခေတ်တွင် စနစ်တကျမဟုတ်သော သီးနှံဆွတ်ခူးရိတ်သိမ်းခြင်း၊ သစ်တောပြုန်းတီးခြင်း၊ ဂေဟစနစ်ယိုယွင်းလာခြင်းတို့ကြောင့် ရှည်မတက်ပင်သည် မျိုးသုဉ်းရန်အန္တရာယ် ရှိသော အပင်အဖြစ် သတ်မှတ်ခြင်းခံထားရ၏။

ရှည်မတက်ပင်သည် မြန်မာနိုင်ငံအနှံ့ သဘာဝအလျောက် ပေါက်ရောက်သည့် နှစ်ရှည်ခံရစ်ပတ်နွယ်ပင်မျိုးဖြစ်၏။ မာကျောပြီး ဆူးရှိသော အညိုနုရောင်ပင်စည်ဖြစ်၏။ ပင်စည်လုံး သေးငယ်ပြီး ဝါခြောက်ခြောက်အရောင်ရှိ၏။ ပင်စည်တွင် ဆူးကောက်များစွာပါရှိသောကြောင့် ရှဉ့်များပင် ထိုအပင်ကို တက်နိုင်ခြင်းမရှိသည့်အတွက် ရှည်မတက် ပင်ဟု တင်စားခေါ်ဆိုကြသည်ဆို၏။ အရွက်များသည် ငှက်မွေးရွက်ပေါင်းဖြစ်ပြီး ရိုးတံပေါ်တွင် ၇ ရွက်စီ စုရွက်လွှဲ ထွက်သည်။ ရွက်မြွာများမှာ အစိမ်းရင့်ရောင်ရှိပြီး အပ်ချောင်းသဏ္ဍာန်ရှိပြီး အနည်းငယ် ကောက်ကွေးနေသည်။ ရွက်ညှာအောက်ပိုင်းတွင် ဆူးတစ်ချောင်းစီထွက်၏။ ပန်းခိုင်မှာ နို့နှစ်ရောင်ရှိပြီး ရနံ့သင်းပျံ့မွှေးကြိုင်သော ပန်းပွင့် ကလေးများ အခိုင်လိုက်ပွင့်ကြ၏။ ပန်းပွင့်ချိန်တွင် ရှည်မတက်ပင်၌ အရွက်လုံးဝမရှိတော့ဘဲ ရင့်သော ရိုးတံများတွင် ပန်းများသာ ဖွေးနေအောင် လှိုင်လှိုင်ပွင့်ကြ၏။ အသီးမှာ အခွံပျော့သီးဖြစ်ပြီး လုံးဝန်းသောအစေ့ နှစ်စေ့မှ ခြောက်စေ့ခန့် အထိ ပါရှိ၏။ အပင်ကို တူးဖော်ကြည့်ပါက မြေကြီးထဲတွင် ဥယောင်အမြစ်များ ရာချီပြီး ရှိနေသောကြောင့် ဥတစ်ရာ အမြစ်ဟုလည်း တင်စားခေါ်ဝေါ်ကြ၏။

ရှည်မတက်ပင်တွင် ကာဘိုဟိုက်ဒရိတ်၊ ပရိုတင်း၊ အမျှင်ဓာတ်၊ အဆီဓာတ်တို့အပြင် သတ္တုဓာတ်များ အနေဖြင့် ကယ်လ်စီယမ်၊ သံဓာတ်၊ မဂ္ဂနီစီယမ်၊ ဖော့စ်ဖရပ်စ်တို့နှင့်အတူ ဇင့်ခ်၊ ကော့ပါး၊ မဂ္ဂနိစ်နှင့် ပိုတက်စီယမ်တို့ ပမာဏအချို့ ပါဝင်၏။ ဗီတာမင်များအနေဖြင့် အေ၊ ဘီဝမ်း၊ ဘီတူး၊ စီ၊ အီးတို့နှင့်အတူ ဖောလစ်အက်စစ်တို့လည်း ပါဝင်၏။ ထို့အပြင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကြွယ်ဝစွာပါဝင်ခြင်းကြောင့် ခန္ဓာကိုယ်အတွင်း ဓာတ်တိုးခြင်းကြောင့် ဆဲလ်များပျက်စီး ခြင်းတို့မှ ကာကွယ်ပေးနိုင်၏။ ထို့အပြင် ရှည်မတက်အမြစ်ပိုင်းသည် ခန္ဓာကိုယ်အတွင်းရှိ အီစထရိုဂျင် ပမာဏကို ထိန်းညှိ ပေးနိုင်သည့် phyto-estrogens နှင့် flavonoids များဖြစ်သည့် steroidal saponins များ ပါဝင်သည်။

သန့်ရှင်းလတ်ဆတ်သော ရှည်မတက်ဥ ၁၀၀ ဂရမ်တွင် အစာစွမ်းအင် ၂၂ ကယ်လိုရီ၊ အစိုဓာတ် ၁၁ ဒသမ ၀၂ ဂရမ်၊ ပြာဓာတ် ၁ ဒသမ ၅၂ ဂရမ်၊ အမျှင်ဓာတ် ၁ ဒသမ ၇၄ ဂရမ်၊ အဆီဓာတ် ၁ ဒသမ ၅၆ ဂရမ်၊ ကာဘိုဟိုက်ဒရိတ် ၃ - ၅ ဂရမ်၊ ပရိုတင်း ၁-၂ ဂရမ်၊ ကယ်လ်စီယမ် ၂၆ မီလီဂရမ်နှင့် သံဓာတ် ၂ ဒသမ ၁၇ မီလီဂရမ်တို့ အသီးသီးပါဝင်၏။

ရှည်မတက်ပင်ကို အိန္ဒိယနိုင်ငံတွင် အာယုဗေဒဆေးပညာရပ်အရ ဆေးဝါးအဖြစ်အသုံးပြုရန် စိုက်ပျိုးကြ၏။ ရှည်မတက်ပင်သည် ကိုယ်ခန္ဓာအတွင်းရှိ ဟော်မုန်းများကို ဟန်ချက်ညီအောင် ထိန်းညှိပေးနိုင်ခြင်း၊ သင့်ကိုယ်ခံအား စနစ်ကိုမြှင့်တင်ပေးနိုင်ခြင်း၊ နုပျိုကျန်းမာသည့် အသားအရေပိုင်ရှင်ဖြစ်စေခြင်းတို့အပြင် အစာမကြေဖြစ်ခြင်း၊ ဝမ်းချုပ်ခြင်း၊ လေပွခြင်း၊ အစာအိမ်အနာဖြစ်ခြင်း၊ ရေအိတ်တည်ခြင်း၊ နာကျင်ကိုက်ခဲခြင်း၊ စိုးရိမ်ပူပန်မှုများခြင်း၊ ဝမ်းပျက် ဝမ်းလျှောဖြစ်ခြင်း၊ ချောင်းဆိုးရင်ကျပ်နာဖြစ်ခြင်း၊ တီဘီရောဂါဖြစ်ခြင်း၊ စိတ်မတည်မငြိမ်ဖြစ်ခြင်းနှင့် ဆီးချိုရောဂါ၊ အရက်ဖြတ်ခြင်း၊ အမျိုးသမီးများ လစဉ်ဓမ္မတာစက်ဝန်းမတိုင်ခင် ခံစားရသည့် ဝေဒနာများ၊ သွေးဆင်းလွန်ခြင်း၊ အာရုံကြောရောဂါများ၊ ချောင်းဆိုး ပန်းနာရင်ကျပ်ဖြစ်ခြင်း၊ တီဘီရောဂါ အစရှိသည့် ရောဂါများအတွက် ဆေးအဖြစ် ဖော်စပ်အသုံးပြုကြ၏။

အာယုဗေဒဆေးပညာရပ်အရ ရှည်မတက်ကို လွန်ခဲ့သော ဆယ်စုနှစ်ပေါင်းများစွာကတည်းက ဆေးစွမ်းကောင်း တစ်လက်အဖြစ် အသုံးပြုခဲ့ကြ၏။ ရှည်မတက်မှ ဆေးပြား၊ ဆေးမှုန့်၊ ဆေးရည် အစရှိသဖြင့် ပုံသဏ္ဍာန် အမျိုးမျိုး ဖော်စပ်ထုတ်လုပ်ကြ၏။

- ရှည်မတက်တွင် ဆီးချိုရောဂါဖြစ်ပွားမှုကို ဟန့်တားပေးနိုင်သော အင်ဆူလင်ထုတ်လုပ်မှုကို လှုံ့ဆော်ပေးနိုင်စွမ်းရှိ၏။
- အမျိုးသမီးအများစုကြုံတွေ့ခံစားကြရသည့် သားအိမ်အတွင်း ရေအိတ်၊ အသားလုံး အစရှိသည်တို့ဖြစ်ပွားခြင်းနှင့် ဟိုမုန်းပမာဏ မျှခြေအနေအထားတွင်မရှိခြင်းတို့ကြောင့် မိသားစုမျိုးဆက်ရရှိရန် အခက်အခဲရှိနေသူများအတွက် ရှည်မတက်ကို အသုံးပြုပြီး ကုထုံးတစ်ရပ်အဖြစ် သုတေသနပြုလေ့လာရာ အောင်မြင်မှုများ ရရှိခဲ့ခြင်းကို ၂၀၁၈ ခုနှစ် အတွင်း အိန္ဒိယနိုင်ငံ၏ Bio-medicine and Pharmacotherapy တွင် ဖော်ပြခဲ့၏။
- အမျိုးသမီးများမလွဲမသွေကြုံတွေ့ရသည့် သွေးဆုံးခြင်းကြောင့် ခံစားရတတ်သည့် ခန္ဓာကိုယ်အပေါ်ပိုင်း ချွေးထွက် လွန်ခြင်းဝေဒနာအတွက် ရှည်မတက်ကို ဆေးအဖြစ်အသုံးပြုကြ၏။
- ရှည်မတက်ဥမှုန့်သည် အမျိုးသားရော အမျိုးသမီးများပါ မျိုးဆက်ပွားကျန်းမာရေးကို အထောက်အကူပြုကြောင်း လူသိများသည်။ အမျိုးသမီးများအတွက် ကျန်းမာသော ရာသီစက်ဝန်းကို ပံ့ပိုးပေးခြင်းဖြင့် မျိုးပွားအင်္ဂါများကို အာဟာရဖြည့်ပေးနိုင်၏။ အမျိုးသားများအတွက် သုက်ပိုးအရေအတွက်နှင့် အရည်အသွေးကို တိုးတက်ကောင်းမွန် စေပြီး မျိုးပွားမှုဆိုင်ရာ ကျန်းမာရေးကို ပံ့ပိုးပေးနိုင်၏။
- ရှည်မတက်ဥမှုန့်ကို အစားအစာပြင်ဆင်ချက်ပြုတ်ရာတွင်ထည့်ခြင်းဖြင့်ကိုယ်ခံအားစနစ်ကို အားကောင်းစေပြီး ဖျားနာမှုများနှင့် ကူးစက်ရောဂါများကို တိုက်ဖျက်ရာတွင် သက်ရောက်မှုကောင်းရှိနိုင်၏။
- အသားအရေနုပျိုကျန်းမာခြင်းအတွက် ရှည်မတက်ဥသည် အရေးပါသည့် သဘာဝဆေးစွမ်းတစ်လက်

စာ-၉ သို့



ကျောဖုံးမှ-

အဆိုပါလမ်းညွှန်ချက်နှင့်အညီ ဝါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးရေးကို စနစ်တကျ လုပ်ဆောင် နိုင်ပါက ပြည်ပပို့ကုန်အဖြစ် အားထားနိုင်ပြီး အလုပ်အကိုင်အခွင့် အလမ်းများ တိုးပွားစေ မည်ဖြစ်သည်။

သို့ဖြစ်ရာ ဝါးပင်များ ရေရှည်တည်တံ့မှုကို စဉ်းစားပြီး နှစ်စဉ်ထွက်ရှိနိုင်မည့် ပမာဏထက်မကျော်ဘဲ ထုတ်လုပ်သွားနိုင်စေရန်အတွက် ဝါးပျိုးပင်ထူထောင်ခြင်း၊ ဝါးစိုက် ခင်းများ တိုးချဲ့ဆောင်ရွက်ခြင်းများကို ယခုထက်ပိုမိုဆောင်ရွက်နိုင်မည်ဆိုပါက ဝါးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင် ကုမ္ပဏီများနှင့် ဝါးစိုက်တောင်သူများက ပူးပေါင်းပါဝင်မှုဖြင့် ဝါးအခြေခံသည့် စက်မှု လုပ်ငန်းများ အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်လာအောင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဝါးကို ရန်ကုန်တိုင်းဒေသကြီးတွင် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ကြံခင်း၊ မြန်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိ ကျေးရွာများ၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်ရှိ ကျေးရွာများ တွင် အဓိက စိုက်ပျိုးကြပါသည်။

ထို့ကြောင့် အဆိုပါဒေသများတွင် ဝါးစိုက်ပျိုးနိုင်ရန်အတွက် ဝါးပျိုးပင်များ ဖြန့်ဖြူးပေးခြင်း၊ ဝါးစိုက်ခင်းများထူထောင်ပေးခြင်း၊ ဝါးစိုက်ပျိုးနည်း၊ ဝါးပင်ပြုစုပျိုးထောင်နည်း စသည့် သင်တန်းများပေးခြင်း၊ ဝါးစိုက်ပျိုး



ရန်နှိုးဆော်ခြင်း၊ ပုဂ္ဂလိကဝါးစိုက်ခင်း ထူထောင်ခြင်းကို အားပေးခြင်း၊ ဝါးစိုက်ခင်းများ ယခုထက် ပိုမိုတည်ထောင်ခြင်း၊ ဝါးအချောထည်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်မှုတိုးတက်လာစေရန်အတွက် သက်ဆိုင်ရာ ဌာနများမှ နည်းပညာများ ပံ့ပိုးပေးခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်/ကုမ္ပဏီများက ရင်းနှီးမြှုပ်နှံ ခြင်း၊ ဝါးစိုက်တောင်သူအစုအဖွဲ့များက ဝါးစိုက်ခင်းများတည်ထောင်မှုတွင် ပူးပေါင်းပါဝင်ခြင်းများကို ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ပါက မြန်မာနိုင်ငံ၏ ဝါးအခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည်။

ဝါးအခြေခံစက်မှုလုပ်ငန်းများအတွက် အသုံးပြုမည့် ဝါးမျိုးစိတ်များကို ရွေးချယ် စိုက်ပျိုးနိုင်ရန် ဝါးကြီးမျိုးဖြစ်သည့် ကလွေဝါး၊ ဝါးပိုး၊ ကြလိုဝါး၊ ဝါးနီ၊ ဝါးပိုးမျက်ဆန်ကျယ် စသည့်ဝါးမျိုးများကို စိုက်ပျိုးရန်နှင့် စိုက်ပျိုးရာတွင်လည်း ဒေသနှင့်ကိုက်ညီပြီး ထုတ်လုပ်မှုအတွက် အမှန်တကယ်လိုအပ်မည့် ဝါးမျိုးကို ရွေးချယ်စိုက်ပျိုးရန်လည်း လိုအပ် ပါသည်။

ဝါးအခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဝါးသယံဇာတများကို ထိထိရောက်ရောက် အလေအလွင့်မရှိ အသုံးချလာနိုင်မည်ဖြစ်ပြီး ဝါးတစ်ပင်ရှိ အရင်းပိုင်း၊ အလယ်ပိုင်း၊ အပေါ်ပိုင်းအလိုက် သင့်လျော်သည့် ဝါးထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ပါက ဝါးတစ်ပင်လုံး အလေအလွင့်မရှိ အသုံးချနိုင်မည်ဖြစ်သည်။

ဝါးအောက်ခြေအရင်းပိုင်းရှိ အဆစ်များကို ဝါးပန်းပုများထုတ်လုပ်ခြင်း၊ ဝါးမီးသွေး၊ ဝါးမီးသွေးထုတ်လုပ်ရာတွင် ဘေးထွက်ရရှိသည့် ဝါးအချဉ်ရည်မှ ဝါးဆပ်ပြာ၊ အပင်ပိုး သတ်ဆေး၊ အလှကုန်နှင့် ကျန်းမာရေးသုံးပစ္စည်း အမျိုးမျိုးထုတ်လုပ်ခြင်း၊ ဝါးအလယ်ပိုင်း အောက်ခြေကို ဝါးအထပ်သား၊ ဝါးကြမ်းခင်း၊ ဝါးပရိဘောဂများ၊ Bamboo Lumber များ ထုတ်လုပ်ခြင်း၊ ဝါးအလယ်ပိုင်းအထက်ကို ဝါးချောင်းထိုး၍ ဆောင်ရွက်ရသော ယင်းလိပ်၊ စားပွဲတင်ဖျာ၊ ထိုင်ခုံ နောက်မှီအခင်းပြားများနှင့် နှီးဖြာ၍ ထုတ်လုပ်ရသော တန်ဖိုးမြင့်ဝါးလက်မှုပစ္စည်းအမျိုးမျိုး ထုတ်လုပ်





အရည်အသွေးမြင့် မျှစ်နှင့် ဝါးအခြေခံထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး နည်းပညာပေးသင်တန်းပို့ချခြင်း

ခြင်း၊ ဝါးအပေါ်ပိုင်းကို တူ၊ သွားကြားထိုးတံ၊ အသားကင် ဝါးချောင်းများ ထုတ်လုပ်ခြင်း၊ ဝါးအကိုင်းအခက်များကို လယ်ယာသုံး ပစ္စည်း၊ တံမြက်စည်း၊ အပေါ်ရုံအကျီများထုတ်လုပ်ခြင်း၊ ဝါးအရွက်မှ ဖျော်ရည်၊ တိရစ္ဆာန်အစာအစာ၊ သဘာဝ မြေဩဇာများထုတ်လုပ်ခြင်း၊ ဝါးထုတ်ကုန် ပစ္စည်းများ ထုတ်လုပ်ရာမှ ထွက်ရှိလာသည့် ဝါးရွှေပေါ်စများ၊ ဝါးစများ၊ ဝါးလွှစာမှုန်များကို အသုံးပြု၍ လောင်စာတောင့်၊ Bamboo Particle Board များစသည့် ဝါးထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းဖြင့် ဝါးကို အလေအလွင့် မရှိ အသုံးချနိုင်သကဲ့သို့ ဝါးအခြေခံစက်မှုလုပ်ငန်းလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည်။

ဝါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးရေးကို စနစ်တကျလုပ်ဆောင်နိုင်ပါက ပြည်ပ ပို့ကုန်အဖြစ် အားထားနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း တိုးပွားစေမည်ဖြစ်ရာ ရေရှည်တည်တံ့မှုကို အလေးထားပြီး ဝါးစိုက်ခင်းများ ယခုထက် ပိုမိုဆောင်ရွက်လာနိုင်ရန်၊ ဝါးစိုက်ခင်းများ တိုးမြှင့်စိုက်ပျိုး၍ အထွက်နှုန်းပမာဏ တိုးမြှင့်အောင် ထုတ်လုပ်နိုင်ရန်၊ ဝါးအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများတိုးတက်လာစေရန် သက်ဆိုင်ရာဌာနများက နည်း ပညာများ ပံ့ပိုးပေးခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင် ကုမ္ပဏီများက ရင်းနှီးမြှုပ်နှံခြင်း၊ ဝါးစိုက်တောင်သူများက ပူးပေါင်းပါဝင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ဝါးအခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါသည်။

ထို့အပြင် ဝါးအခြေခံ စားသောက်ကုန်များ ထုတ်လုပ်လျက်ရှိပြီး အဆိုပါဝါးစား သောက်ကုန်များသည် ကျန်းမာရေးနှင့် ညီညွတ်ပြီး၊ သဘာဝအရသာရှိသည့်အတွက် ပြည်တွင်းဈေးကွက်တွင် လူကြိုက်များသည်။ ဝါးမှ ထွက်ရှိသည့် စားသုံးနိုင်သော မျှစ် မျိုးစိတ်ပေါင်းများစွာရှိရာ မြန်မာပြည်တွင်သာမက အာရှဒေသများတွင်ပါ မျှစ်စားသုံးမှု မြင့်မားကြပါသည်။

မျှစ်တွင် ဗီတာမင်နှင့် သတ္တုဓာတ်များ ကြွယ်ဝရာ ရေဓာတ်၊ အဆီဓာတ်၊ အမျှင်ဓာတ်၊ ကယ်လ်ဆီယံဓာတ်၊ သံဓာတ်၊ ပရိုတင်းဓာတ်၊ ကာဗွန်ဟိုက်ဒရိတ်ဓာတ်နှင့် အခြားဓာတ်များအပြင် ဗီတာမင်ဘီဓာတ် (B1, B2, B3, B5, B6 နှင့် B9) ၊ ဗီတာမင်စီဓာတ်၊ ဗီတာမင်အီးဓာတ်၊သကြားဓာတ်၊ မန်ဂနိစ်၊ ပိုတက်စီယမ်နှင့် ဇင့်ဓါတ်တို့ အဓိက ပါဝင် ပါသည်။

မျှစ်ကို စားသုံးပါက ပါဝင်သော အမျှင်ဓာတ်ကြောင့် အစာကြေလွယ်ခြင်း၊ အူလမ်းကြောင်းရှင်းလင်းစေခြင်း၊ အစာအိမ်ရောဂါကို သက်သာစေခြင်း၊ ကိုယ်ခန္ဓာရှိ အဆီဓာတ်များ ဖယ်ရှားပေးခြင်း၊ ကိုယ်လက်ရောင်ရမ်းခြင်းကို သက်သာစေခြင်း၊ သွေးလည်ပတ်မှုကို ကောင်းမွန်စေပြီး နှလုံးကျန်းမာရေးကို ကောင်းမွန်စေပါသည်။

မျှစ်သည် ရာစုနှစ်များစွာကတည်းက အဓိကဟင်းလျာတစ်ခုအဖြစ် စားသုံးသည်သာမက ဟင်းသီးဟင်းရွက်အဖြစ်လည်းကောင်း၊ မျှဉ်အချဉ်အဖြစ်လည်းကောင်း၊ မျှစ်သုပ်အဖြစ်လည်းကောင်း၊ ခေါက်ဆွဲပြုတ်၍လည်းကောင်း ပုံစံအမျိုးမျိုးဖြင့် စားသုံးလေ့ရှိပါသည်။

မျှစ်ကို အချဉ်ဖောက်ခြင်း၊ အခြောက်ခံခြင်းဖြင့် ကြာရှည်ခံအောင်ပြုလုပ်၍ တစ်နှစ် ပတ်လုံးစားသုံးနိုင်ကြစေရန် ပြုလုပ်နိုင်ပါသည်။ နိုင်ငံတကာဈေးကွက်တွင် မျှစ်ကို စနစ်တကျပြုပြင်ထုတ်လုပ်၍ တရုတ်၊ ထိုင်း၊ နယ်သာလန်၊ အခြားအာရှနိုင်ငံများ၊အီတလီ၊ ဂျာမနီ၊ဂျပန်၊ ဂရိ၊ အမေရိကန်နှင့် ဗြိတိန်စသည့် နိုင်ငံ

စာ-၉ သို့

သက်ရှိသတ္တဝါအားလုံးအတွက် ကမ္ဘာမြေကြီး၏ လက်ဆောင် ဝါးတောများသည် လူသားအားလုံး၏ လူမှုဘဝအတွက် အရေးပါသော သဘာဝသယံဇာတဖြစ်ပါသည်။ သဘာဝ၏ လက်ဆောင် ရွှေဝါးကို လူသားတို့၏ နေ့စဉ်ဘဝတွင် အမျိုးမျိုးအသုံးပြုလျက် ရှိပါသည်။

ဝါးသည် မြက်မျိုးရင်း (Poaceae) ဝင် အမြဲစိမ်းနှစ်ရှည်ခံ မြက်ပင်ကြီး အမျိုးအစား ဖြစ်သည့်အပြင် လျင်မြန်လွယ်ကူစွာ ပေါက်ရောက်နိုင်သော ဂုဏ်သတ္တိရှိသည့်အတွက် အချိန်တိုအတွင်း ပေါများစွာ ရရှိနိုင်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဝါးကို အသားပိုင်းဆိုင်ရာ ဓာတုရူပအင်အား (Chemical and Physical Properties) အရ သစ်အစားထိုးသုံးစွဲနိုင်သည့် စွမ်းအင်ရှိသည့် အကြီးအမြန်ဆုံးအပင် (Fastet Growing Woody Plants) ဟု တင်စားခေါ်ဝေါ်ကြသည်။

ဝါးမျိုးများကို ကမ္ဘာ့နေရာဒေသ အနှံ့အပြားတွင် တွေ့နိုင်ပါသည်။ ကမ္ဘာပေါ်၌ ဝါးမျိုးစု ၇၅ မျိုးနှင့် ဝါးမျိုးစိတ် ၁၂၅၀ ခန့်ရှိပြီး မြန်မာနိုင်ငံ၌ ဝါးမျိုးစု ၂၁ မျိုး နှင့် ဝါးမျိုးစိတ် ၁၀၂ မျိုးရှိပါသည်။ ယင်းဝါးမျိုးစိတ် ၁၀၂ မျိုးအနက် မျှင်ဝါး၊ ထီးရိုးဝါး၊ ခရင်ဝါး၊ ကြခတ်ဝါး၊ ကျသောင်းဝါး၊ တပင်တိုင်ဝါး၊ သိုက်ဝါး၊ သနပ်ဝါး၊ တင်းဝါး၊ကျလိုဝါး၊ ဝါးပိုး၊ ဝါးပိုး မျက်ဆန်ကျယ်၊ ဝါးကြီး၊ ဝါးနက်၊ ဝါးနွယ်၊ဝါးယား၊ ကလေ့ဝါးနှင့် ဝါးနီစသည့် ဝါးမျိုးစိတ် ၁၈ မျိုးသည် စီးပွားရေးအရ အသုံးဝင်သော ဝါးမျိုးများဖြစ်ကြပါသည်။

ဝါးပညာရှင်များ၏ တွေ့ရှိချက်အရ ကမ္ဘာ့ဝါးမျိုးစိတ်အရေအတွက်၏ ၈ ရာခိုင်နှုန်း ခန့်သည် နိုင်ငံအဝန်း ပျံ့နှံ့ပေါက်ရောက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ ဝါးနှင့် ကြိမ် အဖွဲ့အစည်း (International Bamboo and Rattan Organization-INBAR) ၏ စံသတ်မှတ်ချက်များဖြစ်သည့် ကျယ်ပြန့်စွာ ပျံ့နှံ့ပေါက်ရောက်မှု၊ မျိုးပွားခြင်းနှင့် စိုက်ပျိုးရန် နည်းလမ်းရှိမှု၊ ဘက်စုံအသုံးချနိုင်မှု၊ ဈေးကွက်ဝင်မှုစသည့် စံသတ်မှတ်ချက်များအရ မြန်မာနိုင်ငံရှိ ယင်းဝါးမျိုးစိတ် ၁၈ မျိုးကို စီးပွားရေးအသုံးဝင်သော ဝါးမျိုးစိတ်များအဖြစ် မှတ်တမ်းတင်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။

ဝါးပေါက်ရောက်သည့် ဧရိယာ သဘာဝတောများတွင် ဝါးပေါက်ရောက်နိုင်သည့် ဧရိယာဧကေ ၆၉,၆၃၄,၇၅၀ ခန့်ရှိပြီး (Forest Resources Assessment-FRA 2005)၊ ပဲခူးရိုးမဒေသ၊ ရခိုင်ရိုးမနှင့် တနင်္သာရီဒေသများကို အဓိကစီးပွားဖြစ် ဝါးထုတ်ယူနိုင်သော ဒေသများအဖြစ် သစ်တောဦးစီးဌာနက သတ်မှတ်ထားရှိကာ ဧရိယာအားဖြင့် ၄,၄၀၇,၈၄၈ ဧကရှိသည့်အတွက် ဝါးထုတ်ယူနိုင်သည့် ဧရိယာမှာ ဝါးပေါက်ရောက်သည့် ဧရိယာစုစုပေါင်း ၏ ၆ ဒသမ ၄ ရာခိုင်နှုန်းသာ ဝါးထုတ်ယူနိုင်သည်ကို လည်းတွေ့ရှိရသည်။

မြန်မာနိုင်ငံသည် တရုတ်နှင့် အိန္ဒိယနိုင်ငံပြီးလျှင် ကမ္ဘာပေါ်တွင် တတိယမြောက် ဝါးပေါက်ရောက်မှု အများဆုံးနိုင်ငံဖြစ်သော်လည်း ဝါးထုတ်ကုန်ပစ္စည်းများ နိုင်ငံခြား ဈေးကွက်သို့ တင်ပို့ခြင်းထက် ဝါးကုန်ကြမ်းဖြစ်သော ဝါးလုံး၊ ဝါးခြမ်းတင်ပို့မှုများသာ တွေ့ရှိနေရသဖြင့် ဝါးထုတ်ကုန်ပစ္စည်းများ နိုင်ငံခြားဈေးကွက်သို့ တင်ပို့မှုမြှင့်တင်နိုင်ရန်နှင့် မြန်မာနိုင်ငံ၏ ဝါးထုတ်ကုန်ပစ္စည်းထုတ်လုပ်မှုကို ပိုမိုမြှင့်တင်ရန် လိုအပ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် သစ်တော၊ ဝါးတောများပေါများသော်လည်း ယနေ့အချိန်အခါတွင် လူနှင့်ဝေးရာအရပ်၌သာ သစ်ကောင်း၊ဝါးကောင်းများကို တွေ့မြင်နိုင်ပါသည်။ သစ်ဝါးများ ရှားပါးလာသည်နှင့်အမျှ သစ်ဝါးများ၏ တန်ဖိုးလည်း မြင့်တက်လျက်ရှိရာ ခေတ်မီ ဝါးထုတ်ကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ဖွံ့ဖြိုးတိုးတက်လာသော နည်းပညာများနှင့် ခေတ်မီစက်ကိရိယာပစ္စည်းများအသုံးပြု၍ ပေါင်းစပ်ထုတ်လုပ်သော တီထွင်ဆန်းသစ်မှုများကို အလေးထားဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ပါသည်။

ထို့အပြင် ဝါးသည် ကြီးထွားမြန်ခြင်း၊ လုပခြင်း၊ အသုံးဝင်ခြင်းတို့ကြောင့် အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကနိုင်ငံများတွင် စီးပွားဖြစ်အနေဖြင့်လည်းကောင်း၊ အရိပ်ရ အပင်အဖြစ်လည်းကောင်း၊ တစ်ပိုင်တစ်နိုင်အနေဖြင့် ခြံဝန်းများအတွင်း၌ လည်းကောင်း စိုက်ပျိုးလျက်ရှိသည့်နည်းတူ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နှင့် ထိုင်းနိုင်ငံတို့တွင် ဝါးဥယျာဉ်များ တည်ထောင်စိုက်ပျိုးပြီး ခေတ်မီပရိဘောဂပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိနေပြီဖြစ်သည်။

သို့ရာတွင် မြန်မာနိုင်ငံအနေဖြင့် မျှစ်နှင့်ဝါးကို လွန်ခဲ့သော နှစ်ပေါင်းများစွာက တည်းက နိုင်ငံခြားသို့တင်ပို့ခဲ့သော်လည်း ယနေ့ခေတ်တွင် ကုန်ကြမ်းရှားပါးလာမှု၊ ခေတ်မီ ထုတ်လုပ်မှုနှင့် ထုတ်ပိုးမှုပုံစံများကွာခြားမှု၊ ထုတ်ကုန်အရည်အသွေးကျဆင်းမှုများကြောင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်မှုအခြေအနေများမှာ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် သိသိသာသာ တင်ပို့နိုင်မှုမရှိကြောင်း တွေ့ရှိရပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ ဝါးသယံဇာတအရင်းအမြစ်များနှင့် သဘာဝဝါးတောများ ရေရှည်တည်တံ့ပြီး စဉ်ဆက်မပြတ် အသုံးချနိုင်ရန်၊ ဝါးကုန်ကြမ်းများကို သဘာဝတောမှအပြင် ဝါးစိုက်ခင်းများမှ စနစ်တကျထုတ်ယူသုံးစွဲနိုင်ရန်၊ ဝါးအချောထည် ထုတ်ကုန် ပစ္စည်းများ ထုတ်လုပ်မှုတိုးတက်လာစေရန်အတွက် နိုင်ငံတော်အကြီးအကဲက ဝါးစိုက်ပျိုး ထုတ်လုပ်မှုတိုးမြှင့်ရေး၊ ဝါးစိုက်ခင်းများ ကျယ်ကျယ်ပြန့်ပြန့် ပေါ်ပေါက်လာရေး လမ်းညွှန် ထားပါသည်။

စာ-၁၅ သို့



# ဝါးအခြေခံစက်မှုလုပ်ငန်းနှင့် စားသောက်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေး

ထူးထက်အောင်